မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၁ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ်အလီ ဇာဒါရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၁ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာအိဒ် ယူဆွတ် ရာဇာ ဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ပအားကိုးခြင်းမပြုမိကြဖို့ အထူးလိုအပ်

မျက်မှောက်ကာလမှာ ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့အတူ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ပူးတွဲထမ်းဆောင်ရလျက်ရှိတယ်။ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းကျင့်သုံးနိုင်ဖို့အတွက် အစစအရာရာမှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်နေရတယ်။ စနစ်တစ်ခုကနေ စနစ်တစ်ခုကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်မှုမရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ဘေးအန္တရာယ် ကျရောက်နိုင်တယ်။ မိမိနဲ့ ယဉ်ပါးခြင်းမရှိသေးတဲ့စနစ်ကို ကူးပြောင်းနေစဉ်မှာ အတွေ့အကြုံရင့်ကျက်ပြီးသားနိုင်ငံတွေက သူတို့အကျိုးစီးပွားအတွက် ဝင်ရောက်စွက်ဖက် အမြတ်ထုတ်တတ်စမြဲဖြစ်တယ်။ ဒါကြောင့် ပြည်ပအားကိုးခြင်းကို မပြုမိကြဖို့ အထူးလိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၅)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ -

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၂၃ ရက်)

ဒေသခံပြည်သူများအားထားရမည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း မော်တော်ကားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည့်နည်းတူ ခရီးသွားများ သက်သာချောင်ချိရေးနှင့် အဖိုးနည်းဝန်ပါ ကုန်စည်ပို့ဆောင်နိုင်ရေးအတွက် ရထားပို့ဆောင်ရေးကဏ္ဍကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်းကို မတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။

ယင်းလမ်းပိုင်းသည် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပထမဆုံးဖွင့်လှစ်ပေးသည့် ရထားလမ်းဖြစ်သည်။ ပုသိမ်(ဘဲဂရက်)-အိမ်မဲရထားလမ်းပိုင်းသည် အရှည်မိုင် ၂၀ ဒသမ ၇၅ ရှိသည်။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်သည့် ရထားလမ်းဖြစ်သည်။ ထို့အပြင် စီမံကိန်းတစ်ခုလုံးပြီးစီးသွားပါက ပုသိမ်မြို့မှ ဟင်္သာတ၊ ယင်းမှ ကြံခင်း-ပခုက္ကူ-ကလေးသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းရှိ မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ပုသိမ်မှ ရန်ကုန်၊ ၄င်းမှ နေပြည်တော်သို့လည်းကောင်း သွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ ဖောက်လုပ်လျက်ရှိသော မီးရထားလမ်းမိုင် ၂၂၆၅ မိုင်အနက် ၄၃၅ မိုင်ဖွင့်လှစ်ပြီးဖြစ်သည်။ ကျန်ရှိသော ရထားလမ်းမိုင် ၁၈၃၀ ကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ ခရီးသွားလာမှုသက်သာချောင်ချိရေးအတွက် သဘာဝအတားအဆီးများဖြစ်သည့် မြစ်၊ ချောင်း၊ တောတောင်များ မည်သို့ပင်ကာဆီးနေစေကာမူ ထိုးဖောက်ဖြတ်ကျော်၍ ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်း ဆက်သွယ်ရေးသည် ယနေ့ကာလတွင် ပိုမိုလွယ်ကူချောမွေ့လျက်ရှိနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ အစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ အစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အာဆီယံအတွင်းရေးမှူးရုံး မဲခေါင်စီးပွားရေးပညာရှင်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၂၂

ဗီယက်နမ်နိုင်ငံ အခြေစိုက် အာဆီယံအတွင်းရေးမှူးရုံး မဲခေါင်စီးပွားရေးဌာနမှ စီးပွားရေးပညာရှင် Mr. Athene Church နှင့်အဖွဲ့ဝင်နှစ်ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မျိုးသက်နှင့်အဖွဲ့အား မတ် ၁၄ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာသည့်အခါ ကြုံတွေ့ရနိုင်မည့်စိန်ခေါ်မှုများနှင့် အဟန့်အတားများကိစ္စ၊ လွတ်လပ်သော ကုန်သွယ်မှုလုပ်ငန်းများတွင် အဓိကကျသော ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိစ္စ၊ အာဆီယံနိုင်ငံများအတွင်း တစ်ပြေးညီစနစ်များထားရှိနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် လုပ်ငန်းများဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဗိုလ်ဗထူးလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၁၃ရက် နံနက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်မောင်ယုနှင့် အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၆၆)

ရခိုင်သဟာယအသင်း(ရန်ကုန်) အပန်းဖြေ သင်္ဘောခရီးထွက်မည်

ရန်ကုန် မတ် ၂၂

ရခိုင်သဟာယအသင်း(ရန်ကုန်)က ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေ နေ့ချင်းပြန်ခရီးစဉ်ကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ပြည်တွင်းရေကြောင်းပိုင် နှစ်ထပ်သင်္ဘောဖြင့် လမ်းသစ်ဆိပ်ခံဇောတံတားမှ ကျိုက်လတ်မြို့သို့ ထွက်ခွာမည်ဖြစ်ရာ သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များပါရှိကာ ရခိုင်ရိုးရာစားသောက်ဖွယ်ရာများကို ရောင်းချပေးမည်ဖြစ်ပြီး ခရီးစဉ်တွင် လိုက်ပါလိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးစိုးမြင့်(ခ)အဏ္ဏဝါစိုးမိုး ဖုန်း- ၀၉-၅၁၆၆၄၁၂၊ ဦးထွန်းနိုင် ဖုန်း- ၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးသာမြကျော် ဖုန်း ၀၉-၅၁၅၅၄၁၉၊ ဦးကျော်မောင် ဖုန်း-၀၉-၅၀၇၂၉၈၉၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးကျော်နိုင် ဖုန်း-၀၉-၅၀၆၁၈၈၄၊ ဒေါ်ခင်လှမြိုင် ဖုန်း-၀၉-၅၀၃၉၂၅၅၊ ဒေါ်စန်းစန်းအေး ဖုန်း- ၀၉-၅၀၅၈၁၃၆နှင့် ရုံးဖုန်း-၄၃၀၁၇၂ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကြီးကြပ်ဆောင်ရွက်

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၁ ရက်က မြို့မဈေးရှေ့ ကမ်းနားလမ်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညွန့်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့သာယာလှပရေး ဆောင်ရွက်

ချောင်းဦး မတ် ၂၂

ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က ချောင်းဦးမြို့လမ်းမကြီး ဘေး ဝဲယာတစ်လျှောက်တွင် ပေါင်းမြက်ရှင်းခြင်း၊ ချုံနွယ်ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်တင်တင်စိုး ကြီးကြပ်ပြီး ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

23-3 (02).pmd 1 3/23/2011, 3:00 AM

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

ပြည်သူတို့၏ အားပေးထောက်ခံပူးပေါင်းမှုဖြင့် အရှိန်အဟုန်မပျက် ချီတက်နေသည့် တပ်မတော်

မြတ်ဘုန်းလှူ

တပ်မတော်သည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့ကို အမျိုးသား နိုင်ငံရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်စွာ လျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြဦးဆောင်နေသည့် အခိုင်မာဆုံးသော အမျိုးသားရေးအင်အားစုကြီးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ရှင်သန်ပေါက်ဖွားလာခဲ့ပြီး စတင်သန္ဓေတည်ကတည်းကပင် ယနေ့ထက်တိုင် နိုင်ငံနှင့်ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်သူ့တပ်မတော် စစ်စစ်လည်းဖြစ်သည်။

တပ်မတော်၏ သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည့် စွမ်းဆောင်အောင်မြင်မှုများကြောင့် မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်၌ ဂုဏ်တင့်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်သူများသည်လည်း သူ့ကျွန်ဘဝ၊ သူ့ကျွန်တွင်းက လွတ်မြောက်ပြီး လွတ်လပ်သည့် သခင်လူမျိုး၊ သခင်ပြည်သူများအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ရပ်တည်ရှင်သန်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို အစဉ်တစိုက် စောင့်ရှောက်ကာကွယ်မှုပေးနိုင်ခဲ့သည်မှာလည်း တပ်မတော်ပင် ဖြစ်သည်။ နိုင်ငံ၏အချုပ်အခြာအာဏာ ဆုံးရှုံးလုနီးပါးအခြေအနေမျိုး၊ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး အန္တရာယ်ချောက်ကမ်းပါးအတွင်းသို့ ကျရောက်လုနီးပါး အခြေအနေမျိုး၊ ပြည်သူတို့၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားတော့မည့်အခြေအနေမျိုး ကြုံလေတိုင်း နိုင်ငံနှင့်ပြည်သူကို မဲ့တစ်ပေါက်မစွန်းရအောင် ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ်စွမ်းဆောင်ပေးနိုင်ခဲ့သည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။

ဖြတ်သန်းခဲ့ရသည့် အတိတ်သမိုင်းကိုပြန်ကြည့်လျှင် တပ်မတော်သည် နိုင်ငံလွတ်လပ်ရေးအတွက် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသည့်အပြင် ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးရအောင် အစွမ်းကုန် ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်ခဲ့ရသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ ၁၉၄၈-၄၉ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုအန္တရာယ်၊ ၁၉၅၈ ခုနှစ် ပါတီနိုင်ငံရေးသမားများ၏ အကွဲအပြဲပဋိပက္ခ၊ ၁၉၆၂ ခုနှစ် ဖက်ဒရယ်မူတောင်းဆိုမှုအန္တရာယ်၊ ၁၉၈၈ ခုနှစ် အရေးအခင်းဟူသည့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေနိုင်သည့် အန္တရာယ်ကာလကြီး (၄)ရပ်ကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်မှာလည်း မှတ်ကျောက်တင်လောက်သည့် တပ်မတော်၏ စွမ်းဆောင်အောင်မြင်မှုပင်ဖြစ်သည်။

ယနေ့အချိန်တွင်မူ တပ်မတော်သည် နိုင်ငံနှင့်ပြည်သူအတွက် အဓိက အမျိုးသားရေး အင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့လှမ်းချီ မျက်မှောက်ပြုနိုင်ရန် ရှေ့တန်းမှ ဦးဆောင်လမ်းပြပေးလျက်ရှိသည်။မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်ပြီး ပြည်သူအများလိုလားသည့် ဒီမိုကရေစီပန်းတိုင်ဆီသို့ အရှိန်အဟုန်နှင့် ဦးဆောင်ချီတက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံနှင့်ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အခိုင်အမာဖြစ်ထွန်းရှင်သန်လာအောင် ပျိုးထောင်တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ချိန်မှစ၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပထမဦးစားပေး လုပ်ငန်းတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်နည်းတူ အခြားတစ်ဖက်မှလည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေး ဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရအောင် အမျိုးသားစီမံကိန်းအဆင့်ဆင့်ကိုချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ပေးလျက်ရှိသည်။ ထို့ကြောင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ပြည်သူအားလုံး၏ ကိုယ်စီအကျိုးစီးပွား ဖြစ်ထွန်းမြင့်မားတိုးတက်မှုကိုပါ ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်အစိုးရသည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူတို့၏ လိုလားချက်ဆန္ဒများ၊ အနာဂတ်မျှော်လင့်ချက်များကို ကြိုးပမ်းဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံရေးတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် စီးပွားရေးတွင် တံခါးဖွင့်ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် မနားမနေအကောင်အထည်ဖော်ခဲ့ရာ ယနေ့မြန်မာနိုင်ငံသည် နတ်ရေကန်တွင်ချလိုက်သည့်အလား ဘယ်ခေတ်ဘယ်အခါနှင့်မျှ မတူအောင် ပြောင်းလဲတိုးတက်လာခဲ့သည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး ပြည်တွင်းဈေးကွက်သည် အာဆီယံဈေးကွက်၊ အာရှဈေးကွက်၊ နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ကျယ်ပြန့်လာခဲ့သည်။ ပြည်တွင်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း နိုင်ငံတကာ အဆင့်မီ တိုးတက်လာခဲ့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍသစ်ကိုပါ ဖွင့်လှစ်နိုင်ခဲ့သည်။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းလမ်းပန်း ဆက်သွယ်မှုလုပ်ငန်းများ၊ ICT အခြေခံနည်းပညာနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စသည်ဖြင့် အဘက်ဘက်မှ တိုးတက်လာခဲ့ပြီး တိုးတက်မှုပြယုဂ်အဖြစ် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်ကြီးများ အပြိုင်းအရိုင်း တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ စိုက်ပျိုးရေးနှင့် စက်မှုနည်းပညာများ တိုးတက်လာသည့်အပြင် စက်မှုဇုန်ကြီးများ၊ စီးပွားရေးဇုန်များပါ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံဖြစ်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အလယ်အလတ်လွှာ လူတန်းစားများ၊ ပညာရှင်များ၊ စက်မှုလယ်ယာ တောင်သူလယ်သမားများ၊ ခေတ်သစ်အလုပ်သမားလူတန်းစားများ စသည်ဖြင့် တိုးတက်ခေတ်မီသည့် လူမှုအဖွဲ့အစည်းသစ်ကိုလည်း ပေါ်ထွန်းစေခဲ့သည်။

> **တလုံးတစည်းတည်းဖြစ်တည်ပြီးဖြစ်သည့် တပ်မတော်ကြီး အတွင်း တိုင်းရင်းသားအဖွဲ့များအားလုံးပါ ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြမည်ဆိုပါက ရေပက်မဝင်သည့် လုံခြုံမှု၊ ခိုင်မြဲသည့် တည်ငြိမ်အေးချမ်းမှုနှင့် စက္ကန့်မလပ်ဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုင်ဆိုင်နိုင်မည်မှာ မလွဲကေန်ပင်ဖြစ်။**

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်မှုသည် တပ်မတော်၏ စွမ်းဆောင်အောင်မြင်ခဲ့သည့် မှတ်တိုင်များအနက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လွတ်လပ်ရေးရသည့်အချိန်ကစ၍ ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ၊ လူမျိုးစုဆူပူအကြမ်းဖက်သောင်းကျန်းမှုများ မှိုလိုပေါက်လာခဲ့သည့် သမိုင်းပေးအခြေအနေအရပ်ရပ်ကြောင့် မြန်မာပြည်သူများသည် အစဉ်အဆက် မအေးချမ်းခဲ့၊ မတည်ငြိမ်ခဲ့သည့် ကျီးလန့်စာစားဘဝမျိုးကို ခါးစည်းခံရင်း ခါးသီးစွာ ရုန်းကန်ဖြတ်သန်းခဲ့ကြရသည်မှာ နှစ်ပေါင်း (၄၀) ပင်ကျော်ခဲ့သည်။ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ် အစိုးရအဆက်ဆက်အနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြဖူးသော်လည်း မည်သို့မျှ အောင်မြင်မှုမရနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဤသို့သော သမိုင်းပေးအခြေအနေမျိုး၌ တပ်မတော်အစိုးရက ယခင်နှင့်မတူညီသည့် မူဝါဒများပြောင်းလဲချမှတ်ပြီး နိုင်ငံရေးအကျိုးအမြတ်မရှာဘဲ စိတ်ကောင်းစေတနာမှန်ကို အရင်းခံလျက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းနိုင်ခဲ့သည့်အတွက် ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း(၂၀)ကျော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်မှုနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကိုပါ အောင်မြင်စွာ ဖော်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးအဖွဲ့များအနေဖြင့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးအတွက် နယ်ခြားစောင့်တပ်များ ဖွဲ့စည်းပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစ်တပ်တစ်အား ထမ်းဆောင်နေကြပြီဖြစ်သည်။ အချို့အဖွဲ့များမှာလည်း အသွင်ကူးပြောင်းနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ရာ မကြာတော့သောကာလတွင် နယ်စပ်ဒေသများအားလုံး၌ ထာဝရငြိမ်းချမ်းရေးအာမခံချက်များ ရရှိလာနိုင်တော့မည်ဖြစ်သည်။ ဤသည်မှာ ငြိမ်းချမ်းရေး တည်ဆောက်မှုမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာသည့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတစ်ရပ်လုံးကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်နိုင်အောင် ပူးပေါင်းဆောင်ရွက်လိုက်သည့် အမျိုးသားရေးအားသစ်လောင်းမှုပင်ဖြစ်သည်။ တလုံးတစည်းတည်း ဖြစ်တည်ပြီးဖြစ်သည့် တပ်မတော်ကြီးအတွင်း တိုင်းရင်းသားအဖွဲ့များအားလုံးပါ ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြမည်ဆိုပါက ရေပက်မဝင်သည့် လုံခြုံမှု၊ ခိုင်မြဲသည့် တည်ငြိမ်အေးချမ်းမှုနှင့် စက္ကန့်မလပ်ဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုင်ဆိုင်နိုင်မည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ယနေ့ခေတ် နိုင်ငံတိုင်းသည် နိုင်ငံရေးစွမ်းအား(Political Might)၊ စီးပွားရေး စွမ်းအား (Economic Might)နှင့် စစ်ရေးစွမ်းအား (Military Might) ဟူသည့် အားသုံးအားကို အခြေခံပြီး ရပ်တည်ရှင်သန်နေကြခြင်းဖြစ်သည်ဟုဆိုကြသည်။ နိုင်ငံရေးအားဆိုသည်မှာ စည်းလုံးညီညွတ်မှုအား၊ လက်တွဲပူးပေါင်းဆောင်ရွက်မှုအားပင်ဖြစ်ပြီး နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမရှိဘဲ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေမည်ဆိုပါက အားအင်ချည့်နဲ့သွားမည်ဖြစ်သည်။ စီးပွားရေးအရလည်း ဖွံ့ဖြိုးစည်ပင်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်သည့်အားရှိရန် ကြိုးပမ်းတည်ဆောက်ကြရမည်။ စစ်ရေးအရလည်း ကိုယ့်နိုင်ငံကိုယ့်ပြည်သူကို ရန်ဟူသမျှ မြူမျှမသန်းရအောင် လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်သည့် ကြံ့ခိုင်တောင့်တင်းသော အင်အားလိုအပ်သည်။ စစ်ရေးအင်အား ကြံ့ခိုင်တောင့်တင်းမှသာ နိုင်ငံအများက လေးစားခန့်ညားမည်ဖြစ်သည်။

ယနေ့တပ်မတော်အစိုးရက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအားလုံးသည် အဆိုပါ အားသုံးအားကို ကြံ့ခိုင်အောင်၊ တောင့်တင်းအောင် တည်ဆောက်ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဤသည်ကို မလိုသူများက အမျိုးမျိုးဆန့်ကျင်ပုတ်ခတ် ထိုးနှက်နေကြသော်လည်း သမိုင်းကြောင်းတစ်လျှောက် အစဉ်အလာကောင်းများကို ပိုင်ဆိုင်ထားသည့် တပ်မတော်ကမူ "**ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်**" ဆိုသည့် ဆောင်ပုဒ်အတိုင်းပင် နိုင်ငံနှင့်ပြည်သူအတွက် အနာဂတ်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်သွားမည်သာ ဖြစ်သည်။

ယခုအခါ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၅) ကျော်လွန်ပြီးမြောက်၍ အဆင့် (၆)နှင့် အဆင့်(၇)တို့ကို အရှိန်အဟုန်ကောင်းကောင်းနှင့် ဖြတ်သန်းချီတက်နေပြီဖြစ်သည်။ ပြည်သူများက ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် အဆင့်ဆင့်သော လွှတ်တော်များကို ကျင်းပပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟူသည့် အာဏာသုံးရပ်ကို ကိုင်စွဲကျင့်သုံးမည့် အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရေးအာဏာကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားစီရင်ရေးအာဏာကိုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စနစ်တကျ ထိန်းကျောင်းကိုင်တွယ်ကျင့်သုံးပြီး ပြည်သူအားလုံးလိုလားတောင့်တလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တက်ညီလက်ညီ ပုံဖော်တည်ဆောက်နေကြပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်စည်ပင်အောင်မြင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရေရှည်ရှင်သန် ရပ်တည်လိုသည်ဆိုပါလျှင် ကျွန်တော်တို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်အောင် တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၌ ပြည်သူတစ်ရပ်လုံး ပါဝင်နိုင်အောင် စီမံဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်အဓိကကျသည့် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ဖော်ဆောင်ရေးတို့ကို အစဉ်အဆက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်သာဖြစ်သည်။ မည်သည့်အစိုးရမျိုးက တာဝန်ယူသည်ဖြစ်စေ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ် ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်သွားရမည်သာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်သာဖြစ်ပေသည်။

လက်ရှိအခြေအနေတွင် ပြည်သူအားလုံးက တပ်မတော်အစိုးရ၏ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ထောက်ခံယုံကြည်အားပေးလျက်ရှိကြသည်။ ဤသည်မှာ ယခင်ကကဲ့သို့ မတည်ငြိမ်မှုများ၊ မအေးချမ်းမှုများ၊ ဆူပူအကြမ်းဖက်မှုများ ပြန်လည်ပေါ်ပေါက်လာပြီး ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုစီးပွားအခွင့်အလမ်းများ ပျက်စီးဆုံးရှုံးသွားမည်၊ နှောင့်နှေးရပ်တန့်သွားမည်ကို စိုးရိမ်ပူပန်ကြီးစွာဖြင့် တပ်မတော်အပေါ် အားကိုးတကြီး ပူးပေါင်းဆောင်ရွက်နေကြခြင်းလည်းဖြစ်သည်။ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက် ဖြစ်ထွန်းနိုင်အောင်၊ တည်ငြိမ်အေးချမ်းစွာနှင့် ဒီမိုကရေစီသို့ ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရ၏ အဘက်ဘက်မှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် ပြည်သူအားလုံးက လိုလိုလားလား အင်တိုက်အားတိုက် ထောက်ခံလက်တွဲ ဆောင်ရွက်နေကြခြင်းလည်းဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ အဆုံးစွန်သော အောင်မြင်မှုဖြင့် တာဝန်ကျေခဲ့ပြီးဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းမှုအပိုင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး ကာကွယ်စောင့်ရှောက်မှုအပိုင်း၌လည်း ယနေ့အချိန်အထိ အပြည့်အဝ ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးကဏ္ဍ၌လည်း ဘယ်ခေတ်ဘယ်အခါနှင့်မျှ မယှဉ်သာအောင် ထူးထူးခြားခြား တည်ဆောက်ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ဤသည်ကို ယနေ့ပြည်သူများက ကောင်းစွာသိမြင်နားလည်ကြသည်။ ထို့ကြောင့်လည်း နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး ဦးတည်ချက်များကို ယနေ့ပြည်သူ အားလုံးက ယုံကြည်အားပေးထောက်ခံလျက်ရှိသည့်အပြင် တပ်မတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်များကို အပြည့်အဝ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြခြင်းဖြစ်ပါကြောင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ် (ခ) ဦးအောင်ဇော်ဝင်း၏ ယာယီသက်သေခံလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မောင်တော မဲဆန္ဒနယ်မှ ဦးဇော်ကိရ်အာမတ် (ခ) ဦးအောင်ဇော်ဝင်းက **ရခိုင်ပြည်နယ် မောင်တောခရိုင် ပြည်သူ ၉၀ ရာခိုင်နှုန်းခန့်မှာ ယာယီသက်သေခံလက်မှတ် (အဖြူရောင်ကတ်)များကို ကိုင်ဆောင်ထားပြီး ပညာရေး၊ ခရီးသွားလာရေး၊ စီးပွားရေး ကိစ္စများတွင် အခက်အခဲများစွာရှိနေ၍ ပြည်သူများအတွက်ရော၊ နိုင်ငံတော် အတွက်ပါ များစွာနစ်နာဆုံးရှုံးရပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်ရှိ အခြား မြို့နယ်များတွင်လည်း အလားတူ နစ်နာမှုများရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မောင်တောခရိုင်နှင့် အခြားမြို့နယ်များရှိ ပြည်သူများအား ယာယီသက်သေခံလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာက မည်သည့်နေ့မှစ၍ လဲလှယ်ပေးမည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အသိအမှတ်ပြု

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးက **မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးချိန်မှ ၁၉၈၂ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့ မြန်မာနိုင်ငံသားဥပဒေ ပြဋ္ဌာန်းချိန်မတိုင်မီအထိ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သော နိုင်ငံခြားသားများ၊ နိုင်ငံခြားသားသွေးနှော ကပြားများ၊ နိုင်ငံသားဟုတ် မဟုတ် သံသယရှိသူများအား မြန်မာနိုင်ငံသားအဖြစ် ရရှိရန် လျှောက်ထားနိုင်သည့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်(ရွေးချယ်ရေး) အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေတို့ ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားဖြစ်လိုလျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား ဟုတ် မဟုတ်နှင့် စပ်လျဉ်း၍ ဒွိဟသံသယကင်းရှင်းလိုလျှင်ဖြစ်စေ ယင်းအက်ဥပဒေများအရ လိုက်နာဆောင်ရွက်နိုင်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သူများအား နိုင်ငံတော်က မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးခဲ့ပါကြောင်း၊ ၎င်းတို့သည် သားစဉ်မြေးဆက်ဥပဒေအရ ခိုင်မာသော မြန်မာနိုင်ငံသားအဖြစ်ကို ရရှိခဲ့ကြပါကြောင်း။**

၁၉၈၂ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့ မြန်မာနိုင်ငံသား အက်ဥပဒေ ပေါ်ပေါက်ပြီး နောက်ပိုင်းတွင်မူ အောက်ဖော်ပြပါ ပုဒ်မများဖြင့် အကျုံးဝင်သူ နိုင်ငံသားများသာ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်ခွင့်ရှိသူများအဖြစ် အကျုံးဝင်သည်ဟု သတ်မှတ်ခဲ့ပါကြောင်း-

(က) **ပုဒ်မ(၃)။** နိုင်ငံတော်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် ခရစ်သက္ကရာဇ် ၁၈၂၃ မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် နိုင်ငံသားဖြစ်သည်။

(ခ) **ပုဒ်မ(၅)။** တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်။

(ဂ) **ပုဒ်မ(၆)။** ဤဥပဒေအာဏာ တည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ(၁၈)ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျှင် ယင်းပုဒ်မအရ အရေးယူခြင်းခံရမည်။ (ပုဒ်မ-၁၈ တွင် “**နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း၊ သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကိုရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကိုလည်း ကျခံစေရမည်**”ဟူ၍ ဖော်ပြထားသည်။)

(ဃ) **ပုဒ်မ(၇)။** နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည်-

- (၁) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူများ၊
- (၂) နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊
- (၃) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊
- (၄) ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၅) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှမွေးဖွားသော သားသမီးနှင့် နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၆) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ။

အထောက်အထားပြည့်စုံခိုင်မာစွာ မတင်ပြနိုင်က နိုင်ငံသားအဖြစ် သတ်မှတ်နိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံသား၊ နိုင်ငံခြားသား သံသယအဖြစ်သာ သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းတို့သည် အနည်းဆုံး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် မတိုင်မီ ကာလအတွင်း နိုင်ငံတော်အတွင်း ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးများဖြစ်ကြောင်း အထောက်အထားခိုင်မာစွာ တင်ပြနိုင်လျှင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၄၂)၊ (၄၃)အရ အောက်ပါအတိုင်း နိုင်ငံသားပြုခွင့်ရလိုကြောင်း လျှောက်ထားနိုင်ပါကြောင်း-

(က) **ပုဒ်မ(၄၂)။** ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီ ကာလတွင် နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်။

(ခ) **ပုဒ်မ(၄၃)။** ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော် ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်-

- (၁) နိုင်ငံသားနှင့် နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၂) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၃) ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၄) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
- (၅) နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ။

သို့ရာတွင် ပုဒ်မ (၄၄)တွင် ပြဋ္ဌာန်းထားသည့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရန် လိုအပ်ပါကြောင်း-

(က) ပုဒ်မ(၄၂) (သို့မဟုတ်) (၄၃) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသူဖြစ်ခြင်း၊

(ခ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) တိုင်းရင်းသားဘာသာစကားတစ်မျိုးမျိုးကို ကောင်းမွန်စွာ ပြောတတ်ခြင်း၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

(င) ရူးသွပ်သူ မဟုတ်ခြင်း။

ဆောင်ရွက်ပေးမည်

သို့ပါ၍ ဥပဒေနှင့်အညီ ရသင့် ရထိုက်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိ ကိုင်ဆောင်ခွင့်ရရှိရေးအတွက် မိမိနှင့်တကွ မိဘ၊ ဘိုးဘွားများ၏ ခိုင်မာသည့် အထောက်အထား အချက်အလက်များ စုဆောင်းတင်ပြရန်လိုအပ်ပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများနှင့်တကွ အခြားလူမျိုးများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဆိုင်ရာဥပဒေများအရ ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်ရရှိခံစားနိုင်စေရန် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် မရှိသည့် သာသနာရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနကို ဖွဲ့စည်းပေးထားပြီး ဖြစ်သဖြင့် ၎င်းကိစ္စများကို လျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မေးခွန်းပါ မည်သည့်နေ့ရက်မှစတင်၍ လဲလှယ်ပေးမည်ကို သိလိုပါသည်ဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ ဖြေကြားရလျှင် ထိုလုပ်ငန်းစဉ်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်သည့် ကိစ္စမဟုတ်ပါသဖြင့် သက်ဆိုင်ရာလွှတ်တော်များနှင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားဆုံးဖြတ်ချက် ရယူပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ပြန်လည် ဖြေကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မေး မြန်း ချက် ကို ပြန်လည် ဖြေကြား စဉ်။ (သတင်းစဉ်)

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်၏ အာဝါဒေး(Our days) ကဲ့သို့သော လောင်းကစားမှုနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်က **ပြည်သူတို့၏ စိတ်ဓာတ်၊ စာရိတ္တနှင့် ပစ္စည်းဥစ္စာများကို ထိခိုက်နစ်နာဆုံးရှုံးစေသည့် အာဝါဒေး (Our days) ကဲ့သို့သော လောင်းကစားမှုကို နိုင်ငံတော်ရှိ ဒေသအချို့တွင် တရားဝင်သဖွယ်ပြုလုပ်နေကြပါကြောင်း၊ အဆိုပါ ကိစ္စအား စုံစမ်း၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက နိုင်ငံတော်တွင် ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၆)အရ ၁၉၈၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် တွင် **လောင်းကစားဥပဒေ** ကို ထုတ်ပြန် ကြေညာထားပြီး ဖြစ်ပါကြောင်း၊ ဥပဒေတွင် ၁၉၈၆ ခုနှစ် လောင်းကစား ဥပဒေပုဒ်မ ၂ (က)အရ **လောင်းကစားခြင်း**ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှု ကစားခြင်း တစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရသော (သို့မဟုတ်) ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်း သတ်မှတ်ရန် သဘောတူပြီး ဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစား ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ၁၉၈၆ ခုနှစ် လောင်းကစား ဥပဒေ ပုဒ်မ ၂ (ဃ)အရ လောင်းကစားခြင်းတွင် အကျုံးဝင်သည့် **လောင်းကစားကိရိယာ** ဆိုသည့် စကားရပ်တွင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော ဖဲ၊ အံစာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားကွက်၊ ဇယား၊ ကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော (သို့မဟုတ်) အသုံးပြုနိုင်သော အခြား အရာများ၊ လောင်းကစားခြင်း၌ အသုံးပြုသော တိရစ္ဆာန်/ယာဉ်တို့ကို ဆိုလိုသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါကြောင်း။

စနစ်တကျလိုက်နာ

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လည်း လောင်းကစားဥပဒေ ပုဒ်မ ၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၁၉၈၇ ခုနှစ် ဖွန်လ ၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၈၇ ဖြင့် **လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း**များကို ထပ်ဆင့်ထုတ်ပြန်ထားပါကြောင်း၊ ၎င်းတွင် လောင်းကစားခြင်း၌ ပါဝင်သူများ အဓိပ္ပာယ်သတ်မှတ်ချက်၊ ဖမ်းဆီးဆောင်ရွက်ရန်နည်းလမ်းများနှင့် ဖမ်းဆီးရေးအဖွဲ့ ဖွဲ့စည်းခြင်း စသည်တို့ ပါဝင်ပြီး စနစ်တကျ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ ဘုရားပွဲများ၊ ပြည်နယ်အဆင့် အထိမ်းအမှတ်နေ့များ စသည်တို့တွင် သက်ဆိုင်ရာဒေသများမှ အဆင့်ဆင့်သော ဒေသဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းထံ ပွဲမိန့်များ တောင်းခံလာပါက အောက်ပါ စည်းကမ်းချက်များကို သတ်မှတ်၍ လိုက်နာစေပြီးမှသာ ခွင့်ပြုပေးလျက် ရှိပါကြောင်း-

(က) ပွဲခင်းအတွင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရန်။

(ခ) စီမံချက်ပါအတိုင်း လုံခြုံရေး စနစ်တကျဆောင်ရွက်စေရန်။

(ဂ) သတ်မှတ်ရက် အတိုင်းသာ ကျင်းပရန်။

(ဃ) လုံခြုံရေးအရ သော်လည်းကောင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုအရ သော်လည်းကောင်း၊ အခြား အကြောင်းတစ်ရပ်ရပ်အရ သော်လည်းကောင်း ဆက်လက်ကျင်းပရန် မသင့်ဟု အကြောင်းကြားခဲ့လျှင် ချက်ချင်းရပ်ဆိုင်းပေးရန်။

(င) **မည်သည့်လောင်းကစားမှုမျိုးကိုမျှ မပြုလုပ်ရန်။**

သို့ပါ၍ နိုင်ငံတော်ဒေသအချို့တွင် ဂုံးခင်းကစားခြင်း၊ ဘောလုံးပစ်ကစားခြင်း၊ ဘဲခေါင်း ကြိမ်ကွင်းစွပ်ကစားခြင်း၊ မြားပစ်ခြင်းစသည့် လောင်းကစားဥပဒေနှင့်ငြိစွန်းသည့် ဒေသအလိုက် ပျော်ပွဲရွှင်ပွဲများကို အရပ်စကားအရ **အာဝါဒေး (Our Days)** ဟု ခေါ်ဆိုနေကြကြောင်း။

အရေးယူဆောင်ရွက်

နိုင်ငံတော်အနေဖြင့် လောင်းကစားဥပဒေနှင့်ငြိစွန်းလျက်ရှိသော မည်သည့် လောင်းကစားခြင်းကိုမျှ သိလျက်နှင့် တရားဝင်ခွင့်ပြုခြင်းမဟုတ်ဆိုသည်မှာ အထက်ကရှင်းပြခဲ့ပြီးသော အချက်များအရ သိသာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ လုံခြုံရေး၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ အနေဖြင့် ကြိုတင်အသိပညာပေးခြင်း၊ အမိန့်ညွှန်ကြားချက် ဥပဒေများဖြင့် စည်းကြပ်တားဆီးအရေးယူဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ရာတွင်လည်း လောင်းကစားရာ၌ ပါဝင်သူများသာမက တာဝန်ရှိသူများကိုပါ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

လောင်းကစားဖော်ထုတ်ဖမ်းဆီးမှုနှင့် ပတ်သက်၍ ကိန်းဂဏန်းအရ အကြမ်းဖျင်း ဖော်ထုတ်ရလျှင် ၂၀၁၀ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ လောင်းကစားမှုပေါင်း(၁၉၅၀)မှု၊ တရားခံပေါင်း (၃၃၀၀)ကျော်နှင့် လောင်းကြေးငွေကျပ် (၂၄၁၉)သိန်းကျော်ကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ကြောင်း၊ နှစ်စဉ်ဆောင်ရွက်မှုများကို လေ့လာသုံးသပ်ချက်များအရ လောင်းကစားမှုများတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပိုမိုတားဆီးလာနိုင်သည်ဟု ပြောနိုင်သော်လည်း နည်းပါးပပျောက်သွားအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

သို့ပါ၍ မေးမြန်းချက်ပါ တရားမဝင် လောင်းကစားမှုကို အုပ်ချုပ်ရေး/လုံခြုံရေးအဖွဲ့အစည်းများက ကြိုတင်တားမြစ်ခြင်း၊ ကိုယ်တိုင်/သတင်းပေးများမှတစ်ဆင့် စုံစမ်းဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများအား ဆောင်ရွက်နေပြီး ဥပဒေနှင့်အညီ မဆောင်ရွက်ပေးနိုင်ရန် မည်သည့်အကြောင်းမျှ မရှိပါကြောင်း၊ တစ်ဆက်တည်းမှာပင် လုံခြုံရေး/အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မြန်မာပြည်တစ်ဝန်း ကျေးရွာအဆင့်အထိ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ရာတွင် သူ့ချည်းသက်သက်ဖြင့် ဆောင်ရွက်ရန်ခက်ခဲပြီး လစ်ဟာမှုများလည်း ရှိနိုင်မည်ဖြစ်၍ “ပြည်သူပါမှအောင်ပွဲရ” ဆိုသော မိမိတို့ဝန်ကြီးဌာနမှ ခံယူကျင့်သုံးထားသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများအပိုင်းကလည်း ပူးပေါင်းဆောင်ရွက်သတင်းပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈:၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) (ဒဿနိကဗေဒ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၁၅ ၈။ **ကုသမနေ့တီဘီဘေး**
- ၅:၃၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၄၅ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၂၀ ၁၂။ **AFC Challenge Cup 2012 ပြိုင်ပွဲ၏ အုပ်စု (A) ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ပြည်သူ့အတွက် တပ်မတော်** (စိမ်းလန်းပါစေ ဤကမ္ဘာမြေ)
- ၁၇။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၈)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၆)
- ၁၉။ တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **သူရဲကောင်းတို့မွေ့လျော်ရာ** သျှားညို၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဉ္ဇာလီ၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သက်တင်)
- ၂၀။ အစီအစဉ်ပြီး၏။

လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်က **စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ အောင်မြင်ချောမောစွာ ပြောင်းလဲနိုင်ခြင်းကဲ့သို့သော သမိုင်းဝင် နေ့ထူးနေ့မြတ်များကို ဂုဏ်ပြုမင်္ဂလာယူသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုတွင် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အစဉ်အလာများ ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်ကြီးကို အောင်မြင်ချောမွေ့စွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါ၍ ဤမင်္ဂလာအခါသမယတွင် ရှမ်းတိုင်းရင်းသားများဖြစ်ကြသော ဦးဆေးထင်၊ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်တို့နှင့်အတူ အခြားအကျဉ်းကျပုဂ္ဂိုလ်များ လွတ်ငြိမ်းချမ်းသာခွင့်အတွက် မည်သူ့ကိုမျှ ခြွင်းချက်မထားဘဲ မည်သို့မည်ပုံ စဉ်းစားထားသည်ကို သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဖော်ပြပါရှိ

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည်၊ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ အရ နိုင်ငံတော်သမ္မတသည်-

(က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိသည်။

(ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်ဟူ၍ ဖော်ပြပါရှိပါကြောင်း။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁)တွင်လည်း နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ဖြစ်သော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားရှိပါကြောင်း-

၄၀၁(၁)။ ပြစ်မှု တစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူသည့် စည်းကမ်းချက်တစ်ခုခုထား၍ဖြစ်စေ ၄င်းအပေါ် ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်၊ သို့မဟုတ် ၄င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး၊ သို့မဟုတ် အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သည်။

ချင့်ချိန်သုံးသပ်

အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် လွှတ်တော်နှင့်လည်းကောင်း၊ တရားစီရင်ရေးနှင့် လည်းကောင်း သက်ဆိုင်ခြင်းမရှိဘဲ အုပ်ချုပ်ရေးယန္တရား၏ အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတက တိုင်းပြည်၏ အခြေအနေအရပ်ရပ်ပေါ် စဉ်းစားချင့်ချိန်သုံးသပ်၍ ဆောင်ရွက်ရသည့်အမှုကိစ္စ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် ဥပဒေက အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် တိုင်းပြည်အတွင်း အကျိုးယုတ်၊ ဆုံးရှုံးမှုများ မဖြစ်ပေါ်နိုင်စေရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ ဆောင်ရွက်ရပါကြောင်း။

ယခုအခါ နိုင်ငံတော်တွင် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီး အုပ်ချုပ်ရေးယန္တရားသစ် စတင်လည်ပတ်နိုင်ရေးအတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ကျင်းပနေဆဲကာလဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်အား ရွေးချယ်ပြီးဖြစ်သော်လည်း နိုင်ငံတော် သမ္မတအနေဖြင့် စတင်တာဝန်ထမ်းဆောင်မှုမရှိသေးပါကြောင်း၊ ထို့ပြင် အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်အတွက် နိုင်ငံတော်သမ္မတအား ထောက်ခံချက်ပေးရမည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခြင်း မရှိသေးပါကြောင်း။

ထို့ကြောင့် အစိုးရသစ်တာဝန်ယူသော အချိန်ကာလများရောက်မှသာ ဆောင်ရွက်ရမည့်ကိစ္စများ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး၏ ဖွဲ့စည်းဖြစ်ပေါ်လာမည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးက **ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၈၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ဖော်ပြထားပါကြောင်း၊ ၄င်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရပ်ရွာလူထု၏ ဆန္ဒပါဝင်ရန်လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးတွင် တာဝန်ယူမည့် ပုဂ္ဂိုလ်များကို မည်ကဲ့သို့ ရွေးချယ်စိစစ် တာဝန်ပေးအပ်မည်ကို သိရှိလိုပါကြောင်း။**

ထိခိုက်နိုင်

ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များသည် လူထုအတွင်း နေ့စဉ်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နေရသဖြင့် အာဏာအလွဲသုံးခြင်း၊ ကိုယ်ကျိုးရှာခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထိုသို့ ဖြစ်ပေါ်လာပါက ပြည်သူလူထု ကြည်ညိုလေးစားမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်ပါကြောင်း၊ ထိုကဲ့သို့ မလိုလားအပ်သော ကိစ္စရပ်များမပေါ်ပေါက်စေရန် ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးသင့်သည်ဟု ယူဆပါကြောင်း၊ သို့ဖြစ်ပါ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး တာဝန်ပေးအပ်ထားသူများကို မည်ကဲ့သို့ချီးမြှင့်မည်၊ မည်ကဲ့သို့ဥပဒေနှင့်အညီ ထိန်းကျောင်းမည်ကို သိရှိလိုပါကြောင်း။

ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးကို တာဝန်ပေးအပ်ရာတွင် ကာလရှည်ကြာ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ဖူးသူများ (ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ) ရှိနေကြပါကြောင်း၊ ထိုပုဂ္ဂိုလ်များကို ဖွဲ့စည်းဖြစ်ပေါ်လာမည့် အုပ်ချုပ်ရေးကဏ္ဍတွင် ဆက်လက်တာဝန်ပေးရန် ရှိ မရှိနှင့် ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးတာဝန် ပေးအပ်ခြင်းကို ရာထူးသက်တမ်း၊ အကြိမ်ရေမည်မျှသတ်မှတ်မည်ကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

ဆက်လက်၍ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၂၈၉တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေနှင့်အညီ မည်သည့်နည်းလမ်းဖြင့် ခန့်အပ်တာဝန်ပေးမည်နှင့် ဆောင်ရွက်ပုံနည်းစနစ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ မရှိ** မေးမြန်းသည်။

ရွေးချယ်တာဝန်ပေး

အဆိုပါမေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်ဆိုသည်မှာ ရပ်ရွာမှ အလေးအမြတ်ပြု၍ လေးစားသော၊ စောင့်စည်းအပ်သည့် ဂုဏ်သိက္ခာနှင့် စောင့်စည်းထိန်းသိမ်းအပ်သော ကိုယ်ကျင့်တရားနှင့် တည်ကြည်ဖြောင့်မတ်မှုရှိသူကို ဆိုပါကြောင်း၊ အထက်ပါအရည်အချင်း ရှိ မရှိအား ရပ်ရွာလူထုကသာ သိရှိနိုင်ပါကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးတွင် တာဝန်ယူမည့်ပုဂ္ဂိုလ်များအား ရွေးချယ်မည့်နည်းစနစ်မှာ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူများအား ရွေးချယ်ခန့်ထားသည့် နည်းစနစ်အတိုင်း ရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၁၃)ရက်စွဲပါ စာအမှတ်၊ ၂၁၆/၂-၁/ နဝတ၏ ညွှန်ကြားချက်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် ဇန်နဝါရီ (၁၀)ရက်စွဲပါ ကြေးနန်းအမှတ်၊ ၁။ န၀ ၅။ ယဖြင့် ညွှန်ကြားချက်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ (၇)ရက်စွဲပါ စာအမှတ်၊ ၀၂၃/၁-၁/နဝတ၏ ညွှန်ကြားချက်များအရ အရည်အချင်း သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း-

(က) **ရပ်ကွက်/ကျေးရွာအုပ်စုမှ ကြည်ညိုလေးစားသူ၊**
(ခ) **မည်သည့် နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ပါဝင်ခဲ့သူမဖြစ်စေရ၊**
(ဂ) **အစိုးရအဖွဲ့အဆက်ဆက်တွင် နေရာယူခဲ့ကြသော ပွဲလန့်ဖျာခင်းသူများ မဖြစ်စေရ၊**
(ဃ) **မိသားစု၊ ဆွေမျိုးစုအင်အားဖြင့် ခေတ်အဆက်ဆက် ဆိုးမိုက်နေသူများ မဖြစ်စေရ၊**
(င) **မြို့နယ်အဖွဲ့အစည်းသို့ ချဉ်းကပ်၍ အခွင့်အရေးကို လက်ဦးမှုရရှိတတ်သူများ မဖြစ်စေရ၊**
(စ) **ပြီးခဲ့သည့် အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့သူများ၊ နည်းမျိုးစုံဖြင့် အားပေးအားမြှောက်ပြုသူများ မဖြစ်စေရ၊**
(ဆ) **နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများကို ဆန့်ကျင်သူများ မဖြစ်စေရ၊**
(ဇ) **အမှုအခင်းမရှိသော နယ်ဘက်၊ စစ်ဘက်အငြိမ်းစားများ၊ ရပ်မိ ရပ်ဖထဲမှ ကြည်ညိုလေးစားမှုရှိသူ၊**
အကျင့်စာရိတ္တကောင်းမွန်သူများကို စိစစ်ရွေးချယ်ရန်၊
(ဈ) **ရပ်ကွက်/ကျေးရွာအုပ်စု စာရေးမှအပ တာဝန်ထမ်းဆောင်ဆဲ အခြားဝန်ထမ်းများကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းမပြုရန်၊**
(ည) **ပြစ်မှုကျူးလွန်သူများ၊ ပြစ်ဒဏ်ကျခံရသူများ၊ ဆိုးသွမ်းသူများနှင့် ရပ်ရွာလူထု၏ ကြည်ညိုလေးစားမှု မရှိသူများ မဖြစ်စေရ၊**

ရွေးချယ်ခန့်ထားသည့်စနစ်များမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၁၃)ရက်စွဲပါ စာအမှတ် ၂၁၆/၂-၁/နဝတ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းဖြစ်ပါကြောင်း-

(က) မြို့နယ်အဖွဲ့ဝင်များကိုယ်တိုင် ကွင်းဆင်းပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုရှိ ပြည်သူများနှင့် မျက်နှာစုံညီ လက်ဖက်ရည်ဝိုင်းဖြင့် ထိတွေ့ရွေးချယ်ရန်၊
(ခ) အဖွဲ့ဝင်အဖြစ်လျာထားသူများ၏ နောက်ကြောင်းအချက်အလက်ရယူ၍ ပြည်သူအပေါ် ထားရှိသည့် သဘောထားမှန်ကန်မှု ရှိ မရှိ စိစစ်ရန်၊
(ဂ) အဖွဲ့ဝင်အဖြစ် လျာထားသူများအား ကိုယ်တိုင်တွေ့ဆုံစိစစ်မေးမြန်းရန်၊
(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့မှ ဆရာတော်များထံ တင်ပြလျှောက်ထား၍ သဘောထားရယူရန်၊
(င) ရွေးချယ်ရာတွင် အဖွဲ့ဝင် (၃)ဦးနှင့် အရန်အဖွဲ့ဝင် (၃)ဦး လျာထား ရွေးချယ်တင်ပြရန်၊
ယင်းတို့အထဲမှတစ်ဦးကို ဥက္ကဋ္ဌအဖြစ် မြို့နယ်မှ ရွေးချယ်တာဝန်ပေးအပ်ရန်၊

မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ ရွာသူကြီးတို့မှာ ပုံသေသတ်မှတ်လစာ ကြေးငွေများ ခံစားရခြင်းမရှိဘဲ ကောက်ခံရငွေများအပေါ်တွင် ခိုင်ကြေးများ ရရှိခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ District Cesses Act ဥပဒေပုဒ်မ ၄ အရ "မြေအားလုံးအပေါ်တွင် မြေခွန်တော်အတွက် တန်ဖိုးဖြတ်စည်းကြပ်ရာတွင် အခွန်စည်းကြပ်နိုင်သည့် အခွင့်အာဏာအားဖြင့် မြေခွန်ကောက်ခံပြီး ယင်းကောက်ခံရရှိသည့်အခွန်တော်၏ ၁၀ ရာခိုင်နှုန်းကို အခွန်ကောက်ခံသူအား ပြန်လည်ပေးအပ်ခြင်း" ဟုဖော်ပြထားသဖြင့် ခိုင်ကြေးရရှိခဲ့ပါကြောင်း၊ အခွန်ကောက်ခံသူသည် ၁၉၀၇ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ်(၃) မြို့များအက်ဥပဒေပုဒ်မ ၇(၁)၊ (စ)အရ ကျေးရွာ၏အကြီးအကဲသည် မြေပိုင်ဆိုင်သူများထံ အစွမ်းကုန်ကောက်ခံရန် တာဝန်ပေးအပ်ထားပါကြောင်း၊ ယခင်ရှေးအဆက်ဆက်ကပင် ရွာလူကြီးတာဝန်ထမ်းဆောင်သူများသည် အခကြေးငွေကို အဓိကမထားဘဲ ဂုဏ်သိက္ခာကိုသာ တန်ဖိုးထားဆောင်ရွက်ခဲ့ကြောင်း သိရှိပါကြောင်း၊ လစာငွေကြေးပေးပါက ငွေကြေးကို တွက်ချက်ဆောင်ရွက်တတ်သဖြင့် အုပ်ချုပ်မှုအပိုင်းတွင် ကန့်သတ်ချက်များရှိလာနိုင်ပါကြောင်း၊ ယခုကာလအတွင်း ကောက်ခံရရှိသော အခွန်ရရှိမှုအပေါ်မူတည်ပြီး ခိုင်ကြေးငွေများ ထုတ်ပေးနေဆဲဖြစ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာ အက်ဥပဒေအရ ယင်းတို့အား လုပ်ပိုင်ခွင့်နှင့်တာဝန်များ အပ်နှင်းထားပြီးဖြစ်ရာ လစာကြေးငွေပေးရန် မလိုအပ်ပါကြောင်း၊ ဂုဏ်သိက္ခာကို တန်ဖိုးထားဆောင်ရွက်မည်ဆိုပါက အုပ်ချုပ်ရေးသမားများအနေဖြင့် ဂုဏ်သိက္ခာနှင့်အညီ အုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်၍ သိက္ခာရှိသည့် အုပ်ချုပ်မှုစနစ်ဖြစ်ပြီး တည်ငြိမ်မည်ဖြစ်ပါကြောင်း၊ ၁၉၀၇ ခုနှစ် မြန်မာနိုင်ငံ အက်ဥပဒေအမှတ်(၆) ကျေးရွာအက်ဥပဒေပုဒ်မ ၆ တာဝန်နှင့် အခွင့်အာဏာများအခန်းတွင် လုပ်ပိုင်ခွင့်နှင့်တာဝန်များအပ်နှင်းထားပြီးဖြစ်၍လည်း အုပ်ချုပ်သူများအနေဖြင့် သတ်မှတ်သည့် ဥပဒေဘောင်အတွင်းမှသာ ဆောင်ရွက်ရမည်ဖြစ်၍ ထိန်းကျောင်းမှုရှိပြီး ဖြစ်ပါကြောင်း။

ရပ်ကွက်အုပ်ချုပ်ရေးတွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများအား ဆက်လက် တာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ယခင်က ရာထူးသက်တမ်းအနေဖြင့် အုပ်ချုပ်မှုသက်တမ်းရှည်ကြာလာပါက မလိုလားအပ်သော အုပ်ချုပ်မှုဖြစ်စဉ်များ ပေါ်ပေါက်တတ်သဖြင့် (၃)နှစ်သက်တမ်းထားရှိခဲ့ပါကြောင်း၊ အုပ်ချုပ်မှုဖြစ်စဉ်များ၌ ဘက်လိုက်ခြင်း၊ ဖောက်ပြန်ခြင်းများရှိသဖြင့် ရာထူးမှဖယ်ရှားခြင်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတွင် ရပ်ကွက် (၃၀၄၂)ခုနှင့် ကျေးရွာအုပ်စုပေါင်း (၁၃၆၂၈)ခု ရှိပါကြောင်း၊ အသစ်ရွေးချယ်ခြင်း၊ တင်မြှောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခန့်အပ်ရာထူးမှ ဖယ်ရှားခံရသည့်အရေအတွက်မှာ (၀ ဒသမ ၀၀၇) ရာခိုင်နှုန်းခန့်သာရှိပါကြောင်း၊ ဆက်လက်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရာထူးသက်တမ်း၊ အကြိမ်အရေအတွက် သတ်မှတ်ချက်မရှိပါကြောင်း၊ ရွေးချယ်ခန့်အပ်ပြီးသော ကျေးရွာအုပ်ချုပ်ရေးမှူးအား ပြည်သူမှမကျေနပ်၍ တိုင်ကြားစာများပေါ်ပေါက်လာပါက စုံစမ်းစစ်ဆေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်း၊ ရာထူးဖယ်ရှားခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ ပြည်သူမှ တိုင်ကြားမှုမရှိသော အုပ်ချုပ်ရေးမှူးများအား ဆက်လက်တာဝန် ထမ်းဆောင်စေလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

ပင်လယ်ပြင်အန္တရာယ်ကြုံတွေ့ခဲ့ရသော ရေလုပ်သားများအား ရှာဖွေကယ်ဆယ်မှု ဆောင်ရွက်ပေးခဲ့

နေပြည်တော် မတ် ၂၂

၂၀၁၁ခုနှစ် မတ် ၁၄ ရက်မှ ၁၇ရက် အတွင်း ရတ်တရက်ရာသီဥတုဆိုးရွားစဉ် ပင်လယ်ပြင်လုပ်ငန်းခွင်၌ ရောက်ရှိနေသော ငါးဖမ်းစက်လှေ ၁၇စီးခန့်နှင့် ငါး၊ ပုစွန်ဖောင် ၈၀၀ ကျော်ခန့် နစ်မြုပ် ပျက်စီးမျောပါခဲ့သဖြင့် ပင်လယ်ပြင်အန္တရာယ်ကြုံတွေ့ခဲ့ရသော ရေလုပ်သားများအား တပ်မတော်(ရေ) စစ်ရေယာဉ်များ၊ ရတနာရေနံစင် အထောက်အကူပြု ရေယာဉ်များ၊ ဖက်စပ်ကမ်းဝေး ရေယာဉ်များ၊ ဖက်စပ်ကျူနာ ငါးဖမ်းရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်း၍ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ တပ်မတော်(ရေ) စစ်ရေယာဉ်များဖြင့် ရေလုပ်သား ၉၁၅ ဦး၊ တပ်မတော်(ရေ) ကျွန်းစခန်းများမှ ရေလုပ်သား ၁၂၃ ဦး၊ ပင်လယ်ပြင်အတွင်းရှိ ဖက်စပ်ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ ကျူနာ ငါးဖမ်းရေယာဉ်များနှင့် ရတနာရေနံစင်အထောက်အကူပြု ရေယာဉ်တို့က ရေလုပ်သား ၈၄၅ ဦး၊ ဒေသခံ ငါးဖမ်းစက်လှေများက ရေလုပ်သား ၁၇၅၅ ဦး စုစုပေါင်း ရေလုပ်သား ၃၆၃၈ ဦးအား ကယ်ဆယ်ရရှိခဲ့ပြီး ၄င်းရေလုပ်သားများအနက် ရေလုပ်သား ၃၁၈၇ ဦးအား သက်ဆိုင်ရာ နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ကျန်ရှိနေသော ရေလုပ်သား ၄၅၁ ဦးအား လိုအပ်သော ဆေးဝါးကုသမှုများဖြင့် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း ထပ်မံသတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ပညာပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် UNESCO Myanmar မှ Mr. Sardar Umar Alam တို့က အမှာစကား ပြောကြားကြသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ဂျာနယ်များမှ သင်တန်းသားစုစုပေါင်း (၃၁)ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့အပူချိန်များ

၂၂-၃-၂၀၁၁

မကွေးမြို့
၄၁ ဒီဂရီစင်တီဂရိတ်
ကလေးဝမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ကလေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ချောက်မြို့
၄၀ ဒီဂရီစင်တီဂရိတ်

ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်၏ အမတော်ကြေးကို တိုးမြှင့်ပေးရေးအစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်က **လက်ရှိမြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးစရိတ်ကို နိုင်ငံတော်မှ တစ်ဧကလျှင် ၈၀၀၀၀ ကျပ်နှုန်း တောင်သူလယ်သမားများကို နှစ်စဉ် ချေးငှားပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် အမှန်တကယ်ကုန်ကျနေသည်မှာ တစ်ဧကကျပ် ၁၅၀၀၀၀ ရှိသဖြင့် တောင်သူများ စိုက်ပျိုးစရိတ်မလုံလောက်၍ ချေးငှားထည့်သွင်း စိုက်ပျိုးနေရရာ အကြွေးတင်ကာ မိသားစုလယ်ယာစီးပွားရေးလုပ်ငန်းမှာ ပျက်ယွင်းနိုင်မည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။**

ထုတ်ပေးထား

၁၉၅၄ ခုနှစ်မှစ၍ နှစ်စဉ်စိုက်စရိတ်ထုတ်ချေးရာတွင် စိုက်ပျိုးရေးဘဏ်က ကျပ်တစ်သိန်းလျှင် ငွေကျပ် ၆၀၀၀ ဖြတ်ယူ၍ တောင်သူလယ်သမားများ၏ စုဆောင်းငွေအဖြစ်ထားရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပြီး ယင်းသို့ ဖြတ်ယူကောက်ခံသည့် ငွေရပြေစာများလည်း ထုတ်ပေးထားပါကြောင်း။

စိုက်စရိတ်မပြည့်မီသော အမတော်ကြေးကို တစ်ဧက စိုက်ပျိုးစရိတ် မည်မျှအထိတိုးပေးရန် အစီအစဉ် ရှိ မရှိ၊ မရှိသေးပါက အဆိုပါစိုက်ပျိုးစရိတ် အခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက်ပေးမည်နှင့် လယ်သမားတို့၏ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ်(၅)ခုမျှရှိနေပြီဖြစ်၍ အဆိုပါစုငွေထဲမှ အမတော်ကြေး လုံလောက်စွာချေးငှားပေးရန် ဖြစ်နိုင်ခြင်း ရှိ မရှိမေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက နိုင်ငံတော်က တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် အထောက်အကူဖြစ်စေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ၁၉၅၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စိုက်ပျိုးစရိတ်ထုတ်ချေးရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးစရိတ်ထုတ်ချေးမှု အခြေအနေမှာ စပါးသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် (၁၉၈၈-၁၉၈၉)ခုနှစ်တွင် (၁၆၀)ကျပ်နှုန်းသာ ထုတ်ချေးရာမှ ကာလအလိုက် တိုးမြှင့်၍ ထုတ်ချေးပေးခဲ့ရာ (၂၀၁၀-၂၀၁၁)ခုနှစ်တွင် တစ်ဧကကျပ် (၂၀၀၀၀)နှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါကြောင်း။

စီမံဆောင်ရွက်

စိုက်ပျိုးဧကများသော စပါးသီးနှံနှင့်ပတ်သက်၍ လယ်သမားတိုင်း စိုက်စရိတ်လိုအပ်ခြင်းမရှိနိုင်သော်လည်း ထုတ်ချေးနိုင်သော ငွေအပေါ်မူတည်၍ စိုက်ပျိုးစရိတ်လိုအပ်နိုင်သော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား ဦးစားပေး၍ (၁၀)ဧကနှင့်အောက်သာ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးပမာဏအရ လောလောဆယ် စိုက်စရိတ်အား တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးသော်လည်း စိုက်ဧကအရေအတွက် တိုးတက်ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်စရိတ်အခက်အခဲအား အဆင်ပြေစေရန်အတွက် သီးနှံများအားဝယ်ယူရသည့်ဌာနများမှ ကြိုတင်ပေးငွေအဖြစ် ထုတ်ပေးခြင်း၊ သမဝါယမဝန်ကြီးဌာနနှင့်ပေါင်း၍ စိုက်စရိတ်များရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ သီးနှံအထူးပြုအဖွဲ့များ၊ တောင်သူအကျိုးလိုလားသူများအား ဖွဲ့စည်း၍ စိုက်စရိတ်များ ထပ်ဆောင်းထုတ်ပေးခြင်းတို့ကိုလည်း နယ်မြေအလိုက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တောင်သူလယ်သမားများ ကိုယ်တိုင်ထည့်ဝင်စုဆောင်းငွေများမှ စိုက်စရိတ်လိုသူ တောင်သူများချေးယူနိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်နေ တောင်သူလယ်သမားများ၏ ငွေပိုငွေလျှံများ ဘဏ်တွင် အပ်နှံထားရှိရေး၊ ဘဏ်စနစ်ကျင့်သုံးတတ်စေရေးနှင့် ငွေစုဆောင်းသည့် အလေ့အကျင့် ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ၁-၁၀-၁၉၉၃ ရက်မှစတင်ပြီး တောင်သူတစ်ဦးချင်း စုဆောင်းငွေအတွက် ငွေစုစာရင်းစာအုပ်ဖွင့်လှစ်စုဆောင်းစေခြင်း၊ သတ်မှတ်ထားသော အတိုးနှုန်းများ ထည့်သွင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဦးအောင်ဇင်မေးခွန်းမှာပါသည့် ၁၉၅၄ ခုနှစ်မှ စတင်စုဆောင်းစေခြင်း မဟုတ်ပါကြောင်း၊ ၁-၁၀-၁၉၉၃ မှ ၂၈-၂-၂၀၁၁ ရက်နေ့အထိ ငွေစုစာရင်းဖွင့်သည့် တောင်သူဦးရေ ၂၉၃၈၉၆၅ ဦး ရှိပြီး စုဆောင်းအပ်နှံငွေပေါင်း ကျပ်သန်း ၄၄၆၀၁ဒသမ ၁၇ ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်း ပျမ်းမျှစုဆောင်းနိုင်မှုမှာ ၁၅၁၇၆ ကျပ်မျှသာရှိပါသေးကြောင်း၊ တောင်သူများ၏ စုဆောင်းငွေမှ တောင်သူများအတွက် ၂၀၁၀ ခုနှစ် ဆောင်းသီးနှံ ချေးငွေ ကျပ်သန်း ၂၄၀၀၀ ကျော်နှင့် လက်တွန်းထွန်စက်၊ ရေစုပ်စက်များ ဝယ်ယူရန် ချေးငွေကျပ်သန်း ၁၅၀၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ ငွေစုဆောင်းမှု တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အထောက်အကူပြု

စုဆောင်းငွေများအား တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နှစ်စဉ် ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ လက်ရှိစုဆောင်းငွေပမာဏနည်းပါးနေသေးသည့်အတွက် စိုက်စရိတ်လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသော်လည်း စုဆောင်းငွေများ တိုးပွားလာသည်နှင့်အမျှ ပိုမိုတိုးတက် အထောက်အကူပြုနိုင်မှာဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၁ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး (Minister of State) မစ္စဟီနာရာဘာနီခါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအား ရောဝတီယူနိုက်တက်ဘောလုံးကလပ်အသင်းသို့ ငှားရမ်းရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် မတ် ၂၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအား ရောဝတီယူနိုက်တက် ဘောလုံးကလပ်အသင်းသို့ ငှားရမ်းရေး စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ ဖိတ်ကြားထားသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရောဝတီယူနိုက်တက် ဘောလုံးကလပ်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငှားရမ်းရေးစာချုပ်ကို လက်မှတ်ထိုးကြကာ လဲလှယ်ပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောတစ်စင်း ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၂

Bahamas နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော (M.V Crystal Serenity) သည် ကမ္ဘာလှည့်ခရီးသည် ၆၆၄ ဦး၊ သင်္ဘောသား ၆၅၁ ဦး လိုက်ပါ၍ မတ် ၂၀ ရက် မွန်းလွဲ ၃နာရီခွဲတွင် ထိုင်းနိုင်ငံဆိပ်ကမ်းမှ ရန်ကုန်သီလဝါဆိပ်ကမ်းသို့ရောက်ရှိပြီး ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ မန္တလေးမြို့များနှင့် အင်းလေးကန်တို့ကို သွားရောက်လည်ပတ်ခြင်း၊ ကလေးဝ တရားစခန်း၊ ချမ်းမြေ့ရိပ်သာ တရားစခန်းတို့ကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ပြီး ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် သီရိလင်္ကာနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေး ဒလမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဟောပြောပွဲကို မြို့မ(၃)ရပ်ကွက်ရှိ သုမဓမ္မာတန်ဆောင်း၌ မတ် ၁၉ ရက် နံနက် ၈နာရီခွဲက ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထူးလှိုင်၊ ကျန်းမာရေးမှူး ဦးကြင်အုန်းတို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆွေးနွေးပြောကြား

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်နှင့်အဖွဲ့ဝင်များ၊ စီအက်စ်ဂျီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများသည် ရပ်ကွက်အတွင်းသို့ ကွင်းဆင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ရပ်ကွက်နေပြည်သူများအား ဆွေးနွေးပြောကြားပြီး ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကျန်းမာရေး)**

❖ *ရှေ့ဖုံးမှ*

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄၃၃)ဦး ရှိသည့်အနက် (၄၃၂)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ဒသမ၇၇) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိုရ်အာမတ် (ခ) ဦးအောင်ဇော်ဝင်း၏ "**ယာယီသက်သေခံ လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ရေး**" နှင့် စပ်လျဉ်းသည့်မေးခွန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၏ "**အာဝါဒေး(Our days) ကဲ့သို့သော လောင်းကစားမှု**"နှင့်စပ်လျဉ်းသည့်မေးခွန်း၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ "**လွတ်ငြိမ်းချမ်းသာခွင့်**"နှင့် စပ်လျဉ်းသည့်မေးခွန်း၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၏ "**ဖွဲ့စည်းဖြစ်ပေါ်လာမည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး**"နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ "**ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးရေး**"နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ "**အမတော်ကြေးကို တိုးမြှင့်ပေးရေးအစီအစဉ်**"နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ "အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ (မူကြမ်း)တစ်ရပ်ကို လာမည့်ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်" အဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက "**အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး**"အဆိုကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို မတ် ၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃)ဦး ရှိသည့်အနက် (၂၂၀) တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၆၅ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြ မေးခွန်းများဖြစ်သော ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစခုန်တိန့်ယိန်း၏ "**ဥပဒေပြင်ပ၌ လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးသည့် အဖွဲ့အစည်းများ**" နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးထွန်းကျော်၏ "**ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ဆန်သယ်ယူပို့ဆောင်ရေးကိစ္စ**"နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ "**၂၀၀၀ စီစီအောက် အိမ်သုံးမော်တော်ယာဉ်ငယ်များတင်သွင်းခွင့်**"နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ "**ပင်လယ်ကမ်းခြေတွင် ငါးဖမ်းကြသော ဒေသခံများ ကြီးလေးသည့်အခွန်အကောက် ပေးဆောင်နေရခြင်း**"နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျံလွင်၏ "**ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါရန်**" အဆိုနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်းက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ဖြစ်သော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ "**တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုး ရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်**"အဆိုကို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မတ်လ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း၏ ဥပဒေပြင်ပ၌ လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့်မေးခွန်းကို နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းရာချီရှည်လျားသော ပဒေသရာဇ်အုပ်စိုးမှုနှင့် နယ်ချဲ့သမားများက ကျူးကျော်သိမ်းပိုက်ပြီး တိုင်းရင်းသားလူမျိုး ပြည်သူများကို သွေးခွဲအုပ်စိုးခဲ့သဖြင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုသည် ဖြိုခွဲဖျက်ဆီးခံခဲ့ကြရပါကြောင်း၊ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတော် ပေါ်ထွန်းလာချိန် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနှင့်အတူ တိုင်းရင်းသားလူမျိုးအချို့သည် နိုင်ငံရေးနှင့် လူမျိုးရေးအစွဲအလမ်းကို အကြောင်းပြုပြီး လက်နက်ကိုင်စွဲကာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်လာခဲ့ကြပါကြောင်း၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာသောအနှောင့်အယှက်တားဆီးမှုကြီး ဖြစ်ပေါ်စေခဲ့ကြောင်း၊ လက်နက်စွဲကိုင်ကာ ဆူပူသောင်းကျန်းခဲ့ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးတို့သည်လည်း ဖွံ့ဖြိုးတိုးတက်မှု လုံးဝမရရှိဘဲ အလွန်ဆင်းရဲကာ ခေတ်နောက်ကျ ကျန်ရစ်နေခဲ့ကြပါကြောင်း။

ခိုင်ခိုင်မာမာတည်ဆောက်

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အေးချမ်းသာယာပြီး တည်ငြိမ်လုံခြုံသော ပတ်ဝန်းကျင်တည်ဆောက်နိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်နိုင်ကြမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ဆန့်ကျင်နေကြသော တိုင်းရင်းသားအဖွဲ့များသည် နိုင်ငံတော်၏ အကူအညီအထောက်အပံ့ မရရှိနိုင်ကြခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဘက်ပေါင်းစုံမှ ဆုံးရှုံးနေကြရပါကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ငြိမ်းချမ်းသာယာသည့် ဘဝသစ်သို့ ပြောင်းလဲရပ်တည်ကြမှသာလျှင် တိုးတက်ဖွံ့ဖြိုးလာနိုင်ကြမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခြင်းသည် ပြည်ထောင်စုမပြိုကွဲရေးကိုလည်းကောင်း၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခြင်းဖြစ်စေမည် ဖြစ်ပါကြောင်း။

ယခင်နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးရရှိစေရန် ဖိတ်ခေါ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်မှုမရရှိသဖြင့် စစ်ဆင်တိုက်ခိုက်ခြင်းများဖြင့် ဖြေရှင်းခဲ့ရပါကြောင်း၊ သို့ပါ၍ ဆုံးရှုံးမှုများများပြားပြီး ဖွံ့ဖြိုးတိုးတက်မှု မရခဲ့ပါကြောင်း၊ တစ်တိုင်းတစ်ပြည်လုံး နယ်စွန်နယ်ဖျားမကျန် ငြိမ်းချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝ တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှု စီမံကိန်းကြီးများစွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ခေတ်နောက်ကျ ကျန်နေခဲ့သော တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူတို့ကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည် ဖြစ်ပါကြောင်း။

တပ်မတော်အစိုးရလက်ထက်ဖြစ်သည့် ၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ကာလများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာနှင့် အပစ်အခတ်ရပ်စဲပြီး စစ်ဆင်တိုက်ခိုက်မှုများ ရပ်ဆိုင်းခဲ့ရာမှ ဒေသများစွာတို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားလာခဲ့ကြရသည့် တိုင်းရင်းသားလူမျိုးစု ပြည်သူများသည် ငြိမ်းချမ်းရေးကို တန်ဖိုးထားကြပါကြောင်း၊ ငြိမ်းချမ်းရေး ပျက်စီးသွားပြီး ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်ကျဆင်းသွားမည့်အရေးကို အထူးစိုးရိမ်နေကြပါကြောင်း။

ယခုအခါ တိုင်းရင်းသား အဖွဲ့အစည်းအချို့သည် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြပြီ ဖြစ်ပါကြောင်း၊ တရားဥပဒေ၏ စိုးမိုးမှုကိုလည်း ခံယူရရှိနေကြပြီဖြစ်ပါကြောင်း၊ သို့သော်လည်း အချို့သော အဖွဲ့အစည်းများသည် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲပြုလုပ်ရန် အဆင်သင့်မဖြစ်ကြသေးသည်ကို တွေ့ရှိရပါကြောင်း၊ ငြိမ်းချမ်းရေးပျက်ပြားပြီး လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လှုပ်ရှားမှုများကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေမည့် အန္တရာယ်များစွာ ကျန်နေသေးသဖြင့် အထူးစိတ်မကောင်းဖြစ်ရပါကြောင်း။

လက်နက်ကိုင်စွဲပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့် လှုပ်ရှားမှုများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူများကို အန္တရာယ်ဖြစ်စေပါကြောင်း။

ဖြေရှင်းဆောင်ရွက်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏အကျိုးအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက မလွဲမသွေ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သဖြင့် “ငြိမ်းချမ်းသာယာပြီး နိုင်ငံတော်ကြီး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးမှု တည်ဆောက်ရာ၌ ဥပဒေပြင်ပတွင် လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးသည့် အဖွဲ့အစည်းများကို မည်သို့သော အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်ကြရပါမည်နည်း” သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်းက “ငြိမ်းချမ်းရေးကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ခံစားလာခဲ့ကြရသည့် တိုင်းရင်းသားလူမျိုးစုများက ငြိမ်းချမ်းရေးကို တန်ဖိုးထားလေးစားပါကြောင်း၊ ငြိမ်းချမ်းရေးပျက်စီးသွားပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဆုတ်ယုတ်ပျက်ပြားသွားမည်ကို အထူးစိုးရိမ်ကြပါကြောင်း၊ သို့ပါ၍ ယခုအခါ ဥပဒေပြင်ပတွင် လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးသည့် အဖွဲ့အစည်းများကို မည်သို့သော အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်ကြရပါမည်နည်း” ဟူသော မေးခွန်းအား မေးမြန်းသွားသည်ကို ကိုယ်စားလှယ်ကြီးများအားလုံး ကြားသိခဲ့ကြရပြီးဖြစ်ပါကြောင်း၊ အဆိုပါမေးခွန်းကို နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင်အနေဖြင့် ရှင်းလင်းဖြေကြားသွားမည် ဖြစ်ပါကြောင်း။

တိုင်းရင်းသား လူမျိုးစုများက ငြိမ်းချမ်းရေးကို လေးစားတန်ဖိုးထားသကဲ့သို့ နိုင်ငံတော်အစိုးရကလည်း လေးစားတန်ဖိုးထားပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများက ငြိမ်းချမ်းရေးပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဆုတ်ယုတ်ကျဆင်းသွားမည်ကို စိုးရိမ်သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဆုတ်ယုတ်ကျဆင်းသွားမည်ကို မလိုလားပါကြောင်း၊ ထို့ကြောင့်လည်း ရရှိထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးကို တည်တံ့ခိုင်မြဲအောင်၊ ငြိမ်းချမ်းရေးပိုမိုကျယ်ပြန့်ပြီး အပြည့်အဝနှင့် ထာဝရငြိမ်းချမ်းရေးအဆင့်ကို တိုးတက်ရရှိအောင် “မှန်ကန်သော စေတနာ၊ မြော်မြင်သောအသိ၊ နားလည်စာနာသော စိတ်ထား”များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဤနေရာ၌ အခါအခွင့်သင့်၍ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို အနည်းငယ် ရှင်းလင်းပြောကြားလိုပါကြောင်း။

ကြိုးပမ်းတည်ဆောက်

ကိုယ်စားလှယ်ကြီးများအားလုံး သိကြသည့်အတိုင်း ၁၉၈၈ ခုနှစ်တွင် ပြည်တွင်းပြည်ပ ပယောဂများကြောင့် မင်းမဲ့စရိုက်များ လွှမ်းမိုးပြီး အုပ်ချုပ်မှုယန္တရားများပျက်ပြားကာ တိုင်းပြည်ပြိုကွဲပျက်စီးတော့မည့်အခြေအနေ ဆိုက်ရောက်ခဲ့၍ တပ်မတော်က တိုင်းပြည်တာဝန်ကို ယူခဲ့ရပါကြောင်း၊ ယင်းသို့တာဝန်ယူခဲ့ရသည့်အချိန်မှစပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်အနက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်တွင် **“အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး”**ဆိုသည့်အချက်ကို ထည့်သွင်းပြီး နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှုရအောင်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှု (သို့မဟုတ်) ငြိမ်းချမ်းရေးသည် အဓိကကျပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှ တည်ဆောက်နိုင်မည် မဟုတ်ပါကြောင်း၊ ဤနေရာ၌ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးသမိုင်းကို ပြန်ကြည့်လျှင် မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရောင်စုံသောင်းကျန်းသူများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းမှု မရှိသလောက်ဖြစ်ခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်းတွင်မှု တည်ငြိမ်အေးချမ်းမှု အတိုင်းအတာတစ်ခုအထိ တိုးတက်လာသော်လည်း နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းမှုအားနည်းလျက်ပင် ရှိခဲ့ပါကြောင်း၊ သို့ပါ၍ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့်အစိုးရများက ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြပါကြောင်း၊ သို့သော်လည်း ထိရောက်အောင်မြင်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ခြင်း မရှိကြပါကြောင်း၊ ဤသို့ မတည်ဆောက်နိုင်သည့်အတွက်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ရရှိခံစားနေ

တိုင်းပြည်တာဝန် ယူခဲ့ရသည့် တပ်မတော်နှင့် တပ်မတော်၏ခေါင်းဆောင် နိုင်ငံတော်အကြီးအကဲအနေဖြင့် အတိတ်ကဖြစ်စဉ်များကို သင်ခန်းစာယူပြီး ယခင်အစိုးရများ၏ ကျင့်သုံးခဲ့သည့် နည်းလမ်းနှင့်မတူသော ထိရောက်အောင်မြင်နိုင်မည့် ငြိမ်းချမ်းရေးနည်းလမ်းသစ်ကို ရှာကြံခဲ့ပါကြောင်း၊ ယင်းသို့ရှာကြံပြီး ငြိမ်းချမ်းရေးနည်းလမ်းသစ်ဖြစ်သည့် “နိုင်ငံရေးအမြတ်မထုတ်သော၊ စေတနာကို အရင်းခံသော၊ ပကတိအရှိတရားနှင့်လည်း ညီညွတ်သော၊ ဒေသပြည်သူများ၏ ကောင်းကျိုးကိုလည်း ဖော်ဆောင်ပေးနိုင်မည့်၊ တစ်ဖက် အဖွဲ့အစည်းများကလည်း လက်ခံနိုင်မည့်” မူဝါဒသစ်ကိုကျင့်သုံးလျက် ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးနည်းလမ်းသစ်အနေဖြင့် “လောလောဆယ် အပစ်အခတ်ရပ်စဲပြီး လက်နက်ကို ဆက်လက်ကိုင်ဆောင်ခွင့် ပြုထားမည်၊ သို့သော် ညှိနှိုင်းသတ်မှတ်ထားသည့် နယ်မြေအတွင်း၌သာ နေထိုင်ရမည်ဖြစ်ပြီး လူသစ်စုဆောင်းခြင်း၊ အင်အားထပ်မံတိုးချဲ့ခြင်း၊ ဆက်ကြေးကောက်ခံခြင်းမပြုရ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ ရပ်တည်နိုင်အောင် နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီမည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းတည်ဆောက်ပေးမည်၊ နိုင်ငံရေးကိစ္စများကိုမူ အမျိုးသားညီလာခံ၌ ဆွေးနွေးကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာသည့်အခါ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်” ဆိုသည့် အချက်များ ပါဝင်ပါကြောင်း၊ ထိုငြိမ်းချမ်းရေးနည်းလမ်းသစ်ဖြင့် ဆောင်ရွက်မှုကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ် (၂၃)ဖွဲ့တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အားလုံး ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ယင်းအဖွဲ့များမှ ပဲ့ထွက်ကျန်ခဲ့သည့် အဖွဲ့(၃)ဖွဲ့သာ ဥပဒေပြင်ပ၌ ကျန်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် မည်သည့်ခေတ် မည်သည့်အခါကမျှမရရှိခဲ့သည့် တစ်နိုင်ငံလုံးနီးပါးတွင် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ယင်းငြိမ်းချမ်းမှု၏အကျိုးကို ရရှိခံစားနေကြပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နေသကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း တည်ဆောက်ခဲ့ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း”ကို ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤစီမံကိန်းကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ကြပ်မတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ယနေ့အချိန်ထိ ကျပ်ငွေပေါင်း (၃၄၁ ဒသမ ၅၂)ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် အထူးဖွံ့ဖြိုးရေးဇုန် (၂၄)ဇုန် စီမံကိန်းနှင့်လည်း ထပ်ဖြည့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၇)ရပ် ချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း စီးပွားရေး (၅)နှစ်စီမံကိန်းများ အဆင့်ဆင့်ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါကြောင်း၊ ဤဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကိုလည်း ပြည်သူအများ ရရှိခံစားနေကြရပြီဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ အားလုံးနီးပါးကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည် ယခုအခါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းအပေါ် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်တော့မည် ဖြစ်ပါကြောင်း၊ ဤအခြေအနေတွင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်း လက်တွဲဆောင်ရွက်နိုင်ကြမည်ဆိုပါက အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများလိုလားသည့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက်လည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ အနှောင့်အယှက်၊ အခက်အခဲ၊ အတားအဆီးအမျိုးမျိုးကြားက အမျိုးသားညီလာခံကို အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အခြေခံဥပဒေမူကြမ်းရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ယင်းအခြေခံဥပဒေနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကို ခေါ်ယူကျင်းပနေပြီဖြစ်ပါကြောင်း၊ ထိုလွှတ်တော်များကလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အဖွဲ့များကို ဖွဲ့စည်းနေကြပြီဖြစ်ပါကြောင်း၊ မကြာမီ ပေါ်ပေါက်လာတော့မည့် အဆိုပါဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များက နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော “အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး” ဖြစ်အောင် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြတော့မည် ဖြစ်ပါကြောင်း။

နိုင်ငံ့တာဝန်ထမ်းဆောင်

အထက်ပါ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖော်ဆောင်ရေး ဖြစ်စဉ်တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးဖြစ်အောင် အခြေခံဥပဒေနှင့်အညီ သိမ်မွေ့ညင်သာစွာ ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများစုကလည်း အခြေခံဥပဒေနှင့်အညီ မိမိတို့၏အဖွဲ့များကို ဖျက်သိမ်းပြီးဖြစ်ပါကြောင်း၊ အချို့က တရားဝင်နိုင်ငံရေးပါတီများ ဖွဲ့စည်းကာ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်နေကြပါကြောင်း၊ လက်နက်ကိုင်တပ်ဖွဲ့များကလည်း အခြေခံဥပဒေနှင့်အညီ တပ်မတော်၏ ကွပ်ကဲမှုအောက်၌ နယ်စပ်ဒေသလုံခြုံရေးတပ်ဖွဲ့များအဖြစ်လည်းကောင်း၊ ဒေသပြည်သူ့စစ်များအဖြစ် လည်းကောင်း ပြောင်းလဲဖွဲ့စည်းကာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြပြီ ဖြစ်ပါကြောင်း။

သို့သော်လည်း အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ ကျန်ရှိနေသေးခြင်းကိုလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းအဖွဲ့များအတွက်လည်း ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် “မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထား”များနှင့် ကြိုးပမ်းတည်ဆောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ နယ်စပ်ဒေသရှိ ကြွင်းကျန်နေသေးသော တိုင်းရင်းသားလက်နက်ကိုင်များအတွက်လည်း ငြိမ်းချမ်းရေးတံခါး ဖွင့်ထားဆဲဖြစ်ပါကြောင်း၊ ထို့အတူ မကြာမီပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့်လည်း ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်ရော ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့်ပါ “စစ်” ကို မလိုလားပါကြောင်း၊ သွေးထွက် သံယိုမှုကို မလိုလားပါကြောင်း၊ သို့သော်လည်း နိုင်ငံလုံခြုံရေးနှင့် အခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက်သာ ယခုကဲ့သို့ မလွဲမရှောင်သာ လက်နက်စွဲကိုင် တိုက်ခိုက်နေရခြင်းဖြစ်ပါကြောင်း။

သွေးထိုးစည်းရုံး

ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အစိုးရနှင့်ပြည်သူများက ငြိမ်းချမ်းရေးကို လိုလားသကဲ့သို့ တစ်ဖက်အဖွဲ့အစည်းများကလည်း လိုလားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် အချို့အဖွဲ့အစည်းများက ၎င်းတို့ကိုယ်တိုင် ငြိမ်းချမ်းရေးကို မလိုလားသည့်အပြင် ငြိမ်းချမ်းရေးရယူရန် ကြိုးစားသော အခြားအဖွဲ့အစည်းများကိုပင် ငြိမ်းချမ်းရေး မယူနိုင်အောင် သွေးထိုး၊ စည်းရုံးဖျက်ဆီးကြသည်ကို တွေ့နေရပါကြောင်း၊ ယင်းသို့အနုနည်းဖြင့်ဆောင်ရွက်ရုံမက အကျပ်ကိုင်ခြိမ်းခြောက်တားဆီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်တားဆီးခြင်းများ ပြုကြခြင်းကိုပင် တွေ့ရပါကြောင်း၊ ထို့အပြင် အချို့သော ကြွင်းကျန်လက်နက်ကိုင် သောင်းကျန်းသူများ၊ ပြည်ပြေးများ၊ အချို့သော နိုင်ငံကြီးများ၊ အချို့သော INGO များကလည်း ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး အခြေခံဥပဒေနှင့်အညီ မဆောင်ရွက်နိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ယာယီငြိမ်းချမ်းရေးပျက်အောင်၊ ပြန်လည်အကြမ်းဖက်တိုက်ခိုက်လာအောင် သွေးထိုးစည်းရုံးမှုများပင် ရှိနေပါကြောင်း။

ထို့အပြင် ယနေ့အခါ နယ်စပ်ဒေသတွင် အခြေပြုပြီး ကြွင်းကျန်နေသေးသည့် လက်နက်ကိုင်သောင်းကျန်းသူများ ပပျောက်ပြီး အားလုံးတည်ငြိမ်အေးချမ်းသွားရန်အတွက်ဆိုလျှင် အချို့သော နိုင်ငံကြီးများ၊ အချို့သော INGO များနှင့် အိမ်နီးချင်း တစ်ဖက်နိုင်ငံတို့၏ စေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုက အဓိကအရေးကြီးပါကြောင်း၊ မြန်မာ့နယ်စပ်အနီး တစ်ဖက်နိုင်ငံအတွင်း၌ ဒုက္ခသည်များစခန်းဟု ၎င်းတို့ခေါ်သည့် အခြေပြုစခန်းများ အများအပြားရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဤစခန်းများကို အချို့သော နိုင်ငံကြီးများ၊ အချို့သော INGO များနှင့် အိမ်နီးချင်း တစ်ဖက်နိုင်ငံတို့၏ ကူညီပံ့ပိုးထောက်ပံ့မှုဖြင့် ထူထောင်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းအခြေပြုစခန်းများ၌ ဒုက္ခသည်အချို့ ရှိကောင်းရှိနေနိုင်ကြောင်း၊ သို့သော် ၎င်းစခန်းများတွင် ကြွင်းကျန်နေသော သောင်းကျန်းသူများ၊ ၎င်းတို့၏ မိသားစုများ၊ ပြည်ပြေးများ အများအပြားရှိနေခြင်းကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ သောင်းကျန်းသူများသည် ၎င်းစခန်းများ၌ အခြေပြုနေကြပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက်၍ နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည့်အတွက် နိုင်ငံအတွင်း ယခုကဲ့သို့ အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေရခြင်းဖြစ်ပါကြောင်း၊ အမှန်စင်စစ် ထိုကြွင်းကျန် လက်နက်ကိုင် သောင်းကျန်းသူများသည် အချို့သော နိုင်ငံကြီးများ၊ INGO များ၏ အကူအညီဖြင့် ယင်းအခြေပြုစခန်းများကို အခြေပြုကာ ဆက်လက် သက်ဆိုးရှည်နေကြခြင်းဖြစ်ပါကြောင်း။

ဤနေရာတွင် အလားတူဖြစ်စဉ်မျိုး ဖြစ်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်ခဲ့သည့် သာဓကတစ်ခုကိုလည်း တင်ပြလိုပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံ၏ အရှေ့မြောက်ဒေသ၌ အင်အားကြီးမားသော ဗကပများ အခြေပြုလှုပ်ရှားခဲ့ဖူးပါကြောင်း၊ ဗကပများသည် အင်အားကြီးမားသည့်အတွက် တပ်မတော်အနေဖြင့်ကြီးမားသည့်တိုက်ပွဲကြီးများကို ပြင်းပြင်းထန်ထန်၊ ခက်ခက်ခဲခဲ တိုက်ခိုက်ရင်ဆိုင်ခဲ့ရပါကြောင်း၊ သို့သော်လည်း မိတ်ဆွေကောင်းပီသသော

စာမျက်နှာ ၈ ကော်လံ ၁

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ဆန်သယ်ယူပို့ဆောင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် မေးခွန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ဆန်သယ်ယူပို့ဆောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းက ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်၏ မေးခွန်းသည် သီပေါမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ) ဦးမင်းထွန်း၏ မေးမြန်းချက်များနှင့် တူညီနေသည်ကို တွေ့ရပြီး ဦးရဲထွန်း၏ မေးခွန်းကို(၁၁-၃-၂၀၁၁)ရက်နေ့က ပြည်သူ့လွှတ်တော်တွင် ဖြေကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ရောင်းချဖြန့်ဖြူး

ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှင်းလင်းစွာသိရှိနိုင်ရန် ထပ်မံဖြေကြားမည်ဖြစ်ပါကြောင်း၊ **မန္တလေးနှင့် ပြင်ဦးလွင်ကြားရှိ (၁၆)မိုင် စစ်ဆေးရေးစခန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ တင်ပို့သည့်ဆန်များကို တားဆီးပိတ်ပင်သည့်အတွက် ညှိနှိုင်းအပေးအယူလုပ်ပြီးမှ သယ်ဆောင်ရကြောင်း ဖော်ပြထားသည့်အချက်နှင့်စပ်လျဉ်းပြီး အဆိုပါ (၁၆)မိုင် စစ်ဆေးရေးစခန်းသည် ကုန်စည်များကို တားဆီးပိတ်ဆို့ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းမဟုတ်ဘဲ လုံခြုံမှုအရ ပြည်သူများကို ထိခိုက်စေနိုင်သည့် လက်နက်ခဲယမ်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကိုသာ အဓိကစစ်ဆေးရန် ရည်ရွယ်ဖွင့်လှစ်သည့် စခန်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း အကြမ်းဖက်ဖျက်ဆီးဖောက်ခွဲမှုများ မကြာခဏ** ဖြစ်ပွားနေမှုကြောင့် နိုင်ငံတိုင်းတွင် လုံခြုံမှုကို ပိုမိုဦးစားပေးပြီး စစ်ဆေးကြပ်မတ်နေရသည့် အချိန်အခါဖြစ်သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဖောက်ခွဲဖျက်ဆီးရေးသတင်း၊ မူးယစ်ဆေးဝါးသတင်းများ မကြာခဏရရှိသည့်အတွက် ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ မူလကလုံခြုံရေးအတွက် ဦးစားပေးစစ်ဆေးခဲ့သည့် (၁၆)မိုင် ဂိတ်သည် နောက်ပိုင်းတွင် တရားမဝင် မှောင်ခိုကုန်ပစ္စည်းသယ်ဆောင်မှုများ များပြားလာခဲ့သည့်အတွက် ကန့်သတ်ကုန်စည်များပါ မပါ စစ်ဆေးရှာဖွေကြပ်မတ်မှုပြုလုပ်ခဲ့ရပါကြောင်း၊ (၁၆)မိုင်ဂိတ်အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် တရားမဝင် အထွေထွေပစ္စည်း ကျပ် (၉၃ ဒသမ ၉၀) သန်း၊ မူးယစ်ဆေးဝါး ကျပ် (၆၉၈ ဒသမ ၄၀)သန်း၊ ကျောက်မျက် ကျပ်(၂ ဒသမ ၄၀)သန်းနှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်တွင် တရားမဝင် အထွေထွေပစ္စည်း ကျပ်(၅၇ ဒသမ ၇၉) သန်း၊ မူးယစ်ဆေးဝါးကျပ်သန်း(၇၀)၊ ကျောက်မျက် ကျပ် (၁ ဒသမ ၈၀)သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ မန္တလေး-လားရှိုး-မူဆယ်လမ်းကြောင်း တစ်လျှောက်ရှိ ဂိတ်အသီးသီးတွင် တရားမဝင်မှောင်ခိုပစ္စည်း ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အထွေထွေပစ္စည်း ကျပ် (၂၃၂၈ ဒသမ ၉၆)သန်း၊ မူးယစ်ဆေးဝါး ကျပ် (၉၄၀ ဒသမ ၄၃)သန်း၊ ကျောက်မျက် ကျပ် (၄၅၂ ဒသမ ၁၀)သန်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အထွေထွေပစ္စည်း ကျပ် (၄၄၈၂ ဒသမ ၄၉) သန်း၊ မူးယစ်ဆေးဝါး ကျပ် (၂၁၃ ဒသမ ၀၂)သန်း၊ ကျောက်မျက် ကျပ် (၃၀၈၆ ဒသမ ၄၄)သန်း ရှိခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များတွင် နေထိုင်ကြသော ပြည်သူများအတွက် ပြည်တွင်းထွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး တင် နိုင် သိန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

စားသောက်ကုန်များကို လွတ်လပ်စွာ သယ်ဆောင်ခွင့် ပြုထားသော်လည်း ပြည်ပသို့တရားမဝင် စီးထွက်နိုင်ဖွယ်ရှိသည့် ဆန်၊ ပဲ၊ ဂျုံ စသည့်သီးနှံများကိုမူ အထက်ဌာနသို့ ကြိုတင်ခွင့်ပြုချက် ရယူထားသည့် ကုန်စည်များ ဟုတ် မဟုတ် စစ်ဆေးပြီးမှသာ ဖြတ်သန်းခွင့်ပြုကြောင်း၊ လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသခံပြည်သူများ စားသုံးရန်အတွက် ဆန်ကုန်သည်များက တစ်လလျှင်ဆန်အိတ် (၂၀၀၀၀) ကျော်ခန့်နှင့် ၂၀၁၀ ပြည့်နှစ် တစ်နှစ်လုံးအတွက် ဆန်အိတ်ပေါင်း(၂၈၀၉၆၀) ကို ဆန်ပိုလျှံထွက်ရှိသော တိုင်းဒေသကြီးများမှ ဆန်ကုန်သည်အသင်းအဖွဲ့များနှင့် ဆန်ကုန်သည်များက သယ်ဆောင်ရောင်းချ ဖြန့်ဖြူးလျက်ရှိသည်ကို သိရှိရပါကြောင်း။

ယခုကဲ့သို့ ကန့်သတ်ကုန်စည်များကို သက်ဆိုင်ရာသို့ တင်ပြစီးဆင်းခွင့်ပြုခြင်းသည် တားဆီးပိတ်ပင်ရန် မဟုတ်ဘဲ ဒေသ၏ စိုက်ပျိုးဧက၊ ထွက်ရှိပမာဏသည် ဒေသလူဦးရေ၊ စားသုံးမှုနှင့် မည်မျှလိုအပ်သည်ကို သိရှိပြီး အဆိုပါ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးအစီအမံ၊ စီးပွားရေးအစီအမံများကို ပြုပြင်ဆောင်ရွက်နိုင်ရန် စာရင်းများရယူခြင်းသာဖြစ်ပါကြောင်း၊ ဆန်ကုန်သည်များက သယ်ဆောင်ဖြန့်ဖြူးရောင်းချခြင်းများအတွက် (၁၆)မိုင်ဂိတ်အပါအဝင် မည်သည့်ဂိတ်ကိုမျှ တစ်စုံတစ်ရာလာဘ်ပေး ညှိနှိုင်းအပေးအယူလုပ်ရန် မလိုအပ်ပါကြောင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုရှိပါက တိုင်ကြားပါရန်နှင့် အရေးယူဆောင်ရွက်ပေးမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ ရှေးယခင်ကပင် လောက်ကိုင်ဒေသနှင့် အချို့ဆန်လိုအပ်သောဒေသများအတွက် အထက်ဌာနကိုတင်ပြပြီး ဆန်သယ်ဆောင်ဖြန့်ဖြူးမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဆန်လိုအပ်သော မြို့နယ်များအတွက် တင်ပြလာလျှင် ခွင့်ပြုလျက်ရှိသည်ကို ဖြေကြားအပ်ပါကြောင်း။

အမျိုးသားရေးအမြင်

တစ်နယ်မှတစ်နယ်သို့ ဆန်စပါးများ သယ်ဆောင်၍ မရသည့်အခါ မြို့နယ်ဒေသများတွင် ဆန်စပါးစုပုံပြီး ဈေးကျကာ နစ်နာဆုံးရှုံးကြောင်း၊ ဆန်မလုံလောက်သည့်ဒေသမှ ပြည်သူများက ဆန်မှောင်ခိုဈေးပေးဝယ်စားရကြောင်းကိစ္စနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရလျှင် ရှေးယခင်က ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းသာ မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ရပ်တည်လာခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းမှု၊ ဒေသအာဏာပိုင်များနှင့် တောင်သူလယ်သမားများ၏ ကြိုးပမ်းမှုတို့ကြောင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည်လည်း ဆန်ဖူလုံ ပိုလျှံသော ဒေသကြီးများအဖြစ်သို့ ရောက်ရှိလာခဲ့ပါကြောင်း၊ ဆန်လိုအပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မိမိဒေသအတွင်း ဆန်ဖူလုံမှုရှိအောင် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က အားပေးပံ့ပိုးကူညီလျက်ရှိရာ ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ကာလလည်းဖြစ်ပါကြောင်း၊ ထို့အပြင် ဆန်လိုအပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း မိမိတို့ဒေသအလိုက် ဖူလုံအောင် တိုးတက်စိုက်ပျိုးလာသည့်အတွက် ယခုဆိုလျှင် တစ်နိုင်ငံလုံး တစ်နှစ်လျှင်ဆန်တန်ချိန် (၁၂)သန်းထွက်ရှိသည့်အနက် ဆန်ပိုလျှံသောဒေသများမှ ဆန်လိုအပ်သော ဒေသများသို့ ပေးပို့ရသော ပမာဏသည် ဆန်တန်ချိန်(၁ ဒသမ ၂)သန်းခန့်သာရှိသည်ကို တွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံး ဆန်ထွက်ရှိမှု၏ (၁၀)ပုံ(၁)ပုံသာ ရှိပါကြောင်း၊ အဆိုပါ ပြည်တွင်း စီးဆင်းရောင်းဝယ်မှုသည် တစ်နိုင်ငံလုံး ထုတ်လုပ်မှု၏ (၁၀)ပုံ (၁)ပုံသာ ရှိသည့်အတွက် ဆန်စပါးစုပုံ ဈေးကျပြီး ဆန်စိုက်ပျိုးထုတ်လုပ်သော မြို့နယ်ဒေသမှ တောင်သူလယ်သမားများ ထိခိုက်စေနိုင်သည့် ပမာဏမဟုတ်ကြောင်း သုံးသပ်တွေ့ရှိနိုင်သကဲ့သို့ ဆန်လိုအပ်သော ဒေသများအတွက် ဆန်ကုန်သည်များက သယ်ဆောင်ဖြန့်ဖြူးရောင်းချမှု အရေအတွက်ပမာဏကို ကြည့်ရှုသုံးသပ်ခြင်းဖြင့်လည်းကောင်း၊ မြို့ရွာတိုင်း၊ ဈေးတိုင်းတွင် ဆန်ဆိုင်များ လွတ်လပ်စွာ ဖွင့်လှစ်ရောင်းချနေကြခြင်းကြောင့်လည်းကောင်း၊ မှောင်ခိုဝယ်စားနေရသည့် အသွင်သဏ္ဍာန် မရှိသည်ကို တွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း၊ ဆန်ဖူလုံပြီးဒေသများက ပိုမိုထွက်ရှိရေး၊ ဆန်မဖူလုံသေးသော ဒေသများက ဆန်ဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားမှသာ ခေတ်ကာလအရ ရာသီဥတုဖောက်ပြန်ပါက စားနပ်ရိက္ခာလုံခြုံဖူလုံမည့်အပြင် တစ်ချိန်က ကမ္ဘာတွင် ဆန်အများဆုံး တင်ပို့ခဲ့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့သည့် အခြေအနေမျိုးကို ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ပြီး ဆန်တင်ပို့သော အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ပါကြောင်း၊ အချို့နိုင်ငံများဆိုလျှင် ၎င်းနိုင်ငံအတွင်းတွင် အပြည့်အဝ စိုက်ပျိုးထုတ်လုပ်သည့်အပြင် မြန်မာနိုင်ငံတွင်မြေငှားရမ်းပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ် တင်ပို့လိုကြောင်း ကမ်းလှမ်းလာသည့်အတွက် မိမိတို့နိုင်ငံ၏ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများနှင့် အခြားဆန်စပါးထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ စိတ်ဓာတ်၊ ကြိုးစားလိုစိတ်နှင့် လုပ်နည်းလုပ်ဟန်များကို လေ့လာနှိုင်းယှဉ်သုံးသပ်ပြီး အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ပြောင်းလဲတိုးတက်

တောင်ပေါ်ဒေသများမှ ပြည်သူများအနေဖြင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေရသဖြင့် သစ်တောသယံဇာတများ ဆုံးရှုံးကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေကြောင်း ခက်ခဲခြင်းဖြစ်ပေါ်ကြောင်း ဖော်ပြထားချက်နှင့်စပ်လျဉ်းပြီး ဦးထွန်းကျော်တို့ တောင်ပေါ်ဒေသကဲ့သို့ အိမ်နီးချင်း တရုတ်နိုင်ငံ စစ်ဆောင်ပနားဒေသအပါအဝင် ယူနန်ပြည်နယ်ကိုလေ့လာလျှင် တောင်ကုန်းတောင်တန်းပေါ်များသည့် ဒေသဖြစ်သော်လည်း တောင်ကုန်းတောင်တန်း အပြည့် ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ စိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ နှစ်ရှည် နှစ်လတ် စိုက်ပျိုးခြင်းသည် တောင်ယာရွှေ့ပြောင်းစိုက်ပျိုးခြင်းထက် ဝင်ငွေကောင်းခြင်း၊ မြေဆီလွှာထိန်းနိုင်ခြင်း စသည့် အားသာချက်များရှိသည့်အတွက် နိုင်ငံတော်က အားပေးနေသကဲ့သို့ ဒေသတွင်လည်း ပြောင်းလဲတိုးတက်အောင် ခေတ်နှင့်အညီ ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

ဂိတ်များထားရှိခြင်းဖြင့် ၎င်းဂိတ်တွင် တာဝန်ကျသည့်ဝန်ထမ်းများ အကျင့်စာရိတ္တ ပျက်ပြားယိုယွင်းလာပြီး လာဘ်ပေးလာဘ်ယူမှု ပိုမိုဖြစ်ထွန်းစေကြောင်း ဖော်ပြချက်နှင့် စပ်လျဉ်းပြီး ယင်းဂိတ်များသည် အထက်က ရှင်းလင်းဖြေကြားခဲ့သကဲ့သို့ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် လက်နက်ခဲယမ်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်း၊ မူးယစ်ဆေးဝါး စသည်တို့ကို ဂိတ်များထားရှိစစ်ဆေးရာမှ တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်သူများက ပြည်ပသို့စီးထွက်မည့် ပစ္စည်းများ သယ်ဆောင်ရန်အလို့ငှာ ဝန်ထမ်းများအား လာဘ်ပေးလုပ်ဆောင်မှုများ ရှိသကဲ့သို့ အချို့အကျင့်ပျက်ဝန်ထမ်းများကလည်း ကုန်သည်များထံ ငွေညှစ်လာဘ်တောင်းမှု အချို့ရှိခဲ့သည့်အတွက် တိုင်ကြားမှုများရှိတိုင်း စစ်ဆေးအရေးယူလျက်ရှိပါကြောင်း၊ ထိုဂိတ်များက မှန်မှန်ကန်ကန် စစ်ဆေးတားဆီးနိုင်ခဲ့သည့်အတွက်ကြောင့်လည်း ဖမ်းဆီးအရေးယူခဲ့သည့် ဖမ်းဆီးရမိပစ္စည်းတန်ဖိုးကို တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ တရားမဝင်အခွန်မဲ့ မှောင်ခိုပစ္စည်းများ မမှန်မကန် ညှိနှိုင်းလာဘ်ပေးသွားလာမှုများကြောင့် မှန်မှန်ကန်ကန် အခွန်ပေးဆောင် ကုန်စည်ကူးသန်းရောင်းဝယ်သည့် ကုန်သည်များက ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း မရှိမှုကြောင့် တိုင်ကြားမှုများလည်း ရှိခဲ့သည့်အတွက် အရေးယူဆောင်ရွက်ခဲ့သည့်အမှုများလည်း ရှိပါကြောင်း၊ ထို့ကြောင့် တရားမဝင် မှောင်ခိုကူးသန်းရောင်းဝယ်မှုများနှင့် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်အောင် ပြည်သူများက လက်မခံဘဲ တိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ဖော်ထုတ်စေလိုပါကြောင်း ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

အိမ်နီးချင်းတစ်ဖက်နိုင်ငံက "အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြု" ဆိုသည့်မူအတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ရပ်တည်ခဲ့သည့်အတွက် ယခုဆိုလျှင် ယင်းအရှေ့မြောက်ဒေသ၌ ဗကပများ ချုပ်ငြိမ်းသွားပြီး တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အလားတူပင် ဦးစခုန်တိန့်ယိန်း မေးမြန်းသော ကြွင်းကျန်သောင်းကျန်းသူအဖွဲ့များကိုလည်း အိမ်နီးချင်းတစ်ဖက်နိုင်ငံကသာ အိမ်နီးချင်းကောင်းပီသစွာ စေတနာမှန်ဖြင့် ရပ်တည်ပေးမည်ဆိုလျှင် မကြာခင်အတွင်း တည်ငြိမ်အေးချမ်းသွားမည်ဖြစ်ပါကြောင်း။

ပံ့ပိုးကူညီဆောင်ရွက်

မည်သို့ပင်ဖြစ်စေ လက်ရှိနိုင်ငံတော်အစိုးရ အနေဖြင့်ရော၊ ဆက်လက်တာဝန်ယူမည့် အစိုးရသစ်အနေဖြင့်ပါ ကချင်ပြည်နယ် အပါအဝင် နိုင်ငံတော်အတွင်းတွင် ငြိမ်းချမ်းရေး အပြည့်အဝရရှိရန်အတွက် ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး အခြေခံဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း လက်ရှိ တည်ငြိမ်အေးချမ်းမှုရပြီးဖြစ်သည့် ဒေသများ၌လည်း ရပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများအနေဖြင့် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ စိတ်ပိုင်းဆိုင်ရာ တည်ဆောက်မှုအနေဖြင့်လည်း စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ် ထွန်းကားစေရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကိစ္စရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အနေဖြင့်လည်း မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဤနေရာတွင် ဦးစခုန်တိန့်ယိန်း အပါအဝင် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့နှင့်အတူ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမိုတည်ငြိမ်အေးချမ်းအောင်၊ ၎င်းမှတစ်ဆင့် ငြိမ်းချမ်းရေး ပိုမိုကျယ်ပြန့်အောင်၊ ၎င်းမှတစ်ဆင့် အပြည့်အဝနှင့် ထာဝရ ငြိမ်းချမ်းရေးရအောင် အခြေခံဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့်ကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တည်ဆောက်ခြင်းသည်သာလျှင် မိမိတို့အားလုံးအတွက် အသင့်မြတ်ဆုံး၊ အမှန်ကန်ဆုံးနှင့်အကောင်းဆုံး လမ်းကြောင်းဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် မိမိ၏ ရှင်းလင်းဖြေကြားချက်များကို ခြုံငုံပြီး အချုပ်အားဖြင့် ပြောကြားရပါက **လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး ငြိမ်းချမ်းရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ ကချင်ပြည်နယ်အပါအဝင် နိုင်ငံတော်အတွင်း အပြည့်အဝနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးအတွက်လည်း ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး အခြေခံဥပဒေနှင့်အညီ မှန်ကန်သောစေတနာ၊ မြော်မြင်သောအသိ၊ နားလည်စာနာသောစိတ်ထားများနှင့် အစွမ်းကုန်ကြိုးပမ်းတည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီး ဦးစခုန်တိန့်ယိန်းနှင့် ကိုယ်စားလှယ်ကြီးများ အားလုံးအပါအဝင် ပြည်သူများအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဆောင်ရွက်သည့် ဤလုပ်ငန်းစဉ်များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်သူများမျှော်လင့်တောင့်တနေသော ကချင်ပြည်နယ်အပါအဝင် နိုင်ငံတော်အတွင်း အပြည့်အဝနှင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် မလွဲမသွေ တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှ
၂၀၀၀ စီစီအောက် အိမ်သုံးမော်တော်ယာဉ်ငယ်များ တ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက **နိုင်ငံတော်၏ အခြေခံမူ (၆)ချက်ကို အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၆ ပုဒ်မခွဲ(ဂ)အရ အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးအတွက် ၂၀၀၀ စီစီအောက် အိမ်သုံးမော်တော်ယာဉ်ငယ်များ (စလွန်းကားငယ်များနှင့် ဗင်ကားငယ်များ) တင်သွင်းခွင့်နှင့် သက်ဆိုင်သည့် မေးခွန်းတစ်ရပ်ကို မေးမြန်းလိုပါကြောင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်အသစ်များ ပိုမိုသုံးစွဲလာနိုင်မည်ဆိုပါက ယာဉ်တိုက်မှု အန္တရာယ်လျော့နည်းခြင်း၊ မော်တော်ယာဉ်ကြံ့ခိုင်မှုတိုးတက်လာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု ကင်းရှင်းခြင်းနှင့် အများပြည်သူများ လွယ်ကူသက်သာစွာ လိုရာခရီးသို့သွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်သစ်ဟုဆိုရာ၌ အသစ်စက်စက်(Brandnew) နှင့် ပြန်လည်ပြုပြင်ထားသော (Re-condition) ယာဉ်နှစ်မျိုးစလုံးကို ဆိုလိုခြင်း ဖြစ်ပါကြောင်း။**

သိရှိလို

တစ်ဖက်တွင်လည်း ပြည်တွင်းစက်မှုဇုန်များက မော်တော်ယာဉ်များ ထုတ်လုပ်နေသော်လည်း အဆင့်မီမော်တော်ယာဉ်တစ်စီးဆိုလျှင် ကျပ်သိန်း (၃၀၀)ဝန်းကျင်ဖြစ်နေ၍ လူလတ်တန်းစားများ လက်လှမ်းမီရန် ခက်ခဲနေသည့်အနေအထားဖြစ်နေပါကြောင်း၊ လက်ရှိသုံးစွဲနေသော မော်တော်ယာဉ်အများစုမှာ ၁၉၉၀ မော်ဒယ်မှာ အမြင့်ဆုံးနီးပါးဖြစ်နေ၍ နှစ်(၂၀) ကျော်သုံးစွဲနေရသည့် ယာဉ်အိုယာဉ်ဟောင်းများ ဖြစ်နေပါကြောင်း၊ ယခုကဲ့သို့ ကြံ့ခိုင်မှုကျဆင်းနေသည့် ယာဉ်များကို သုံးစွဲနေရသည့်အတွက် စက်သုံးဆီနှင့် စရိတ်စကများ ပိုမိုကုန်ကျခြင်း၊ အပိုပစ္စည်းများ ရှားပါးပြတ်လပ်နေခြင်းတို့ကြောင့် ယာဉ်တိုက်မှုအန္တရာယ်များ ကြုံတွေ့နေရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အိမ်နီးချင်း တရုတ်နိုင်ငံမှာဆိုလျှင် Cherry မော်တော်ယာဉ်ငယ်များ၊ အိန္ဒိယနိုင်ငံမှာ (Narno)Tar Tar မော်တော်ယာဉ်ငယ်များကို ဈေးသက်သက်သာသာဖြင့် ပြည်သူများ သက်သာသောနှုန်းထားများနှင့် ဝယ်ယူစီးနင်းနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ၁၉၉၇ခုနှစ်အထိ ပြည်ပမှ အိမ်သုံးမော်တော်ယာဉ်ငယ်များကို တင်သွင်းခွင့်ပြုခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အချိန် အတိုင်းအတာကာလတစ်ခုအထိ နိုင်ငံသားများ၏ ဝယ်ယူသုံးစွဲနိုင်မှု အခြေအနေအတွက် ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်ပါရန် စဉ်းစားပေးစေလိုပါကြောင်း၊ ယခုအခါ ၂၀၀၀စီစီအောက် စွမ်းအင်သုံးစွဲမှုနှုန်း(ဆီစားနှုန်း) သက်သာသော အိမ်စီး မော်တော်ယာဉ်ငယ်များကို တင်သွင်းခွင့်အား ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အဆိုပါ ညွှန်ကြားချက်များကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ မရှိ၊ လက်ရှိမော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်သူမည်သူ့ကိုမဆို မိမိ၏မော်ဒယ်နိမ့်မော်တော်ယာဉ်အား အစိုးရ လေလံအဖွဲ့သို့အပ်နှံပြီး ကြိုက်နှစ်သက်ရာ မော်ဒယ်မြင့် ယာဉ်သစ်တစ်စီး တင်သွင်းဝယ်ယူခွင့်ပြုနိုင်ခြင်း ရှိ မရှိ ၊ အစိုးရလေလံအဖွဲ့မှ အပ်နှံမော်ဒယ်နိမ့်မော်တော်ယာဉ်များအား အစိုးရဌာနများနှင့် မော်တော်ယာဉ် လိုအပ်လျက်ရှိသော နယ်မြို့များသို့ ဖြန့်ဖြူးလေလံတင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိနှင့် **မော်တော်ယာဉ်သစ်များ တင်သွင်းရာတွင်လည်း အကောက်ခွန်နှုန်းထားများကို သင့်တင့်သည့်နှုန်းထားအဖြစ်သာ သတ်မှတ်လျှော့ပေါ့ပေးနိုင်ခြင်း ရှိ မရှိ နှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်းဖြင့်** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ စက်မှုထွန်းကားသောနိုင်ငံအဖြစ် ရောက်ရှိအောင် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများနှင့် အများပြည်သူမရှိမဖြစ် အသုံးပြုရန်လိုအပ်သော လူသုံးအိမ်သုံးပစ္စည်းများကို ဦးစားပေး တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ စက်မှု လက်မှု ထွန်းကားလာရေးအတွက် ပြည်တွင်းတွင် ထုတ်လုပ်နိုင်မည့်ပစ္စည်းများကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပြီး သွင်းကုန်အစားထိုး ပစ္စည်းများကို ပြည်တွင်းတွင်ထုတ်လုပ်လာနိုင်အောင် အားပေးလျက်ရှိပါကြောင်း၊ ယာဉ်ယန္တရားများ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသည့် ယန္တရားများ၊ ကုန်တင်ယာဉ်ကြီးများ၊ အများသုံးဘတ်စ်ကားကြီးများကို ဦးစားပေးအဆင့်နှင့် ရက်သတ္တတစ်ပတ်လျှင် အစီး(၁၀၀) ကျော်နှင့် တစ်လလျှင် အစီး (၅၀၀) ခန့် တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အိမ်သုံးလူစီးမော်တော်ယာဉ်များ တင်သွင်းခွင့်ကို ကန့်သတ်ထားပြီး ပြည်တွင်းထုတ်လုပ်မှုကို အားပေးမြှင့်တင်လျက်ရှိပါကြောင်း။

နိုင်ငံတိုင်းတွင် မိမိပြည်တွင်းစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းမျိုးစုံရှာဖွေပြီး ဆောင်ရွက်နေကြသည်ကို အစဉ်အလာတစ်ရပ်အနေဖြင့် တွေ့ရမည်ဖြစ်ပါကြောင်း။

ဈေးကွက်စတင်ဝင်ရောက်

တရုတ်နိုင်ငံမှ ချယ်ရီနှင့် အိန္ဒိယနိုင်ငံမှ တာတာတို့မတိုင်မီ အစပိုင်း၌ ပြည်တွင်းကားထုတ်လုပ်သည့် ကုမ္ပဏီများ ဖွံ့ဖြိုးအောင်လုပ်ပြီး နောက်ပိုင်းတွင် ပြည်ပ နာမည်ကြီးကားကုမ္ပဏီ

...ကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ ...ဘက် အိမ်သုံးမော်တော်ယာဉ်ငယ်များ တင်သွင်းခွင့်နှင့်စပ်လျဉ်းသည့် မေးခွန်းကို ...ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ပြန်လည်ဖြေကြား

ထို့ကြောင့် အချိန် အတိုင်းအတာကာလတစ်ခုအထိ နိုင်ငံသားများ၏ ဝယ်ယူသုံးစွဲနိုင်မှု အခြေအနေအတွက် ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်ပါရန် စဉ်းစားပေးစေလိုပါကြောင်း၊ ယခုအခါ ၂၀၀၀စီစီအောက် စွမ်းအင်သုံးစွဲမှုနှုန်း(ဆီစားနှုန်း) သက်သာသော အိမ်စီး မော်တော်ယာဉ်ငယ်များကို တင်သွင်းခွင့်အား ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အဆိုပါ ညွှန်ကြားချက်များကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ မရှိ၊ လက်ရှိ မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်သူမည်သူ့ကိုမဆို မိမိ၏မော်ဒယ်နိမ့် မော်တော်ယာဉ်အား အစိုးရ လေလံအဖွဲ့သို့အပ်နှံပြီး ကြိုက်နှစ်သက်ရာ မော်ဒယ်မြင့် ယာဉ်သစ်တစ်စီး တင်သွင်းဝယ်ယူခွင့်ပြုနိုင်ခြင်း ရှိ မရှိ ၊ အစိုးရလေလံအဖွဲ့မှ အပ်နှံမော်ဒယ်နိမ့် မော်တော်ယာဉ်များအား အစိုးရဌာနများနှင့် မော်တော်ယာဉ် လိုအပ်လျက်ရှိသော နယ်မြို့များသို့ ဖြန့်ဖြူးလေလံတင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိနှင့် မော်တော်ယာဉ်သစ်များ တင်သွင်းရာတွင်လည်း အကောက်ခွန်နှုန်းထားများကို သင့်တင့်သည့်နှုန်းထားအဖြစ်သာ သတ်မှတ်လျှော့ပေါ့ပေးနိုင်ခြင်း ရှိ မရှိ နှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ စက်မှုထွန်းကားသောနိုင်ငံအဖြစ် ရောက်ရှိအောင် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများနှင့် အများပြည်သူမရှိမဖြစ် အသုံးပြုရန်လိုအပ်သော လူသုံးအိမ်သုံးပစ္စည်းများကို ဦးစားပေး တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ စက်မှု လက်မှုထွန်းကားလာရေးအတွက် ပြည်တွင်းတွင် ထုတ်လုပ်နိုင်မည့်ပစ္စည်းများကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပြီး သွင်းကုန်အစားထိုး ပစ္စည်းများကို ပြည်တွင်းတွင်ထုတ်လုပ်လာနိုင်အောင် အားပေးလျက်ရှိပါကြောင်း၊ ယာဉ်ယန္တရားများ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသည့် ယန္တရားများ၊ ကုန်တင်ယာဉ်ကြီးများ၊ အများသုံးဘတ်စ်ကားကြီးများကို ဦးစားပေးအဆင့်နှင့် ရက်သတ္တတစ်ပတ်လျှင် အစီး(၁၀၀) ကျော်နှင့် တစ်လလျှင် အစီး (၅၀၀) ခန့် တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အိမ်သုံးလူစီးမော်တော်ယာဉ်များ တင်သွင်းခွင့်ကို ကန့်သတ်ထားပြီး ပြည်တွင်းထုတ်လုပ်မှုကို အားပေးမြှင့်တင်လျက်ရှိပါကြောင်း။

နိုင်ငံတိုင်းတွင် မိမိပြည်တွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းမျိုးစုံရှာဖွေပြီး ဆောင်ရွက်နေကြသည်ကို အစဉ်အလာတစ်ရပ်အနေဖြင့် တွေ့ရမည်ဖြစ်ပါကြောင်း။

ဈေးကွက်စတင်ဝင်ရောက်

တရုတ်နိုင်ငံမှ ချယ်ရီနှင့် အိန္ဒိယနိုင်ငံမှ တာတာတို့မတိုင်မီ အစပိုင်း၌ ပြည်တွင်းကားထုတ်လုပ်သည့် ကုမ္ပဏီများ ဖွံ့ဖြိုးအောင်လုပ်ပြီး နောက်ပိုင်းတွင် ပြည်ပ နာမည်ကြီးကားကုမ္ပဏီများနှင့် ဖက်စပ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခဲ့ရာမှ ယခုဆိုလျှင် ပြည်တွင်းကားထုတ်လုပ်မှု အတွေ့အကြုံရင့်ကျက်လာပြီး အရည်အသွေးမြင့်လာသည့်အတွက် ပြည်တွင်း ပြည်ပဈေးကွက် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်း ရှိလာသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စက်မှုဇုန် (၁၈)ဇုန်၌ ပြည်တွင်းကား ထုတ်လုပ်မှု လုပ်ငန်းပေါင်း (၃၀၀)ခန့် ရှိပြီး တစ်ဆင့်ပြီးတစ်ဆင့် နည်းပညာပိုင်း၊ အရည်အသွေးပိုင်း မြင့်မားလာအောင် ကြိုးပမ်းနေဆဲကာလ ဖြစ်ပါကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် စက်မှုဇုန်များမှ ပုဂ္ဂလိကကုမ္ပဏီများသည် ကုန်တင်ယာဉ်၊ ဘတ်စ်ကား၊ လူစီးယာဉ်များနှင့် ဘက်စုံသုံးယာဉ်များကို တစ်နှစ်လျှင်စီးရေ (၁)သောင်းကျော် ထုတ်လုပ်ပေးလျက်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၁၀-၂၀၁၁ခုနှစ်အထိ စီးရေပေါင်း (၆၅၉၇၅)စီး ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းထုတ်လုပ်မှုသည်လည်း အင်ဂျင်စက်အစိတ်အပိုင်း၊ ကိုယ်ထည် အစိတ်အပိုင်းအများစုကို ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မှုများဖြစ်ပါကြောင်း၊ ယခုအခါ ပြည်တွင်း၌ နိုင်ငံတကာအဆင့်မီသည့် ကားများကို ဖက်စပ်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်ထုတ်လုပ်လာပြီး ဈေးကွက် စတင် ဝင်ရောက်စပြုလာပြီဖြစ်ပါကြောင်း။

ဒေါက်တာမြတ်ဉာဏစိုး၏ တင်ပြချက်တွင်ပါရှိသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ မော်တော်ယာဉ်အသစ်များ ပိုမိုသုံးစွဲလာနိုင်မည်ဆိုပါလျှင် ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းခြင်း၊ မော်တော်ယာဉ်ကြံ့ခိုင်မှုတိုးတက်လာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းခြင်းနှင့် အများပြည်သူများ လွယ်ကူသက်သာစွာ လိုရာခရီး သွားလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဆိုသော အချက်များသည် ရှုထောင့်အမြင်အမျိုးမျိုးဖြင့် သူ့နိုင်ငံ သူ့အခြေအနေနှင့်သူ ကျင့်သုံးနေကြသည်ကို တွေ့ရှိရသော်လည်း ဖွံ့ဖြိုးပြီး နိုင်ငံအချို့၌ပင် ခရီးသွားလာမှုတွင် ယာဉ်ငယ်များ များပြားလာခြင်းကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ခြင်း၊ တိုင်းပြည်၏ စက်သုံးဆီ လိုအပ်ချက်တိုးမြင့်လာသည့်အတွက် ဖြည့်ဆည်းရန်လိုအပ်ခြင်း၊ ပြည်ပမှတင်သွင်းသောကားများကို အလွယ်တကူ ခွင့်ပြုပေးခြင်းဖြင့် ပြည်တွင်းမှ စက်မှုလုပ်ငန်းများ ထိခိုက်စေခြင်း၊ ပြည်ပမှနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကို ဟန့်တားရာရောက်ခြင်းစသော အားနည်းချက်များ တွေ့ရှိရသည့်အတွက် နိုင်ငံတိုင်းတွင် သူ့နည်းသူ့ဟန်ဖြင့် ထိန်းသိမ်းကန့်သတ်မှု ရှိနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ အားသာချက် အားနည်းချက်များအပေါ်တွင် နိုင်ငံတော်က စဉ်းစားသုံးသပ်ပြီး လက်ရှိအခြေအနေတွင် ၂၀၀၀ စီစီအောက် ယာဉ်ငယ်များ တင်သွင်းခွင့် ကန့်သတ်ထားခြင်းဖြစ်သည့်အတွက် ပယ်ဖျက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် ပို့ကုန်သွင်းကုန်ပစ္စည်းတစ်မယ်ချင်းခွင့်ပြုမှု တားမြစ်ချက်များကို ဥပဒေအရပြဋ္ဌာန်းသတ်မှတ်လေ့မရှိဘဲ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများကို အခြေအနေ၊ အချိန်အခါအလိုက် သုံးသပ်ထုတ်ပြန်ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါကြောင်း။

လက်ရှိ မော်တော်ယာဉ်လက်ဝယ်ပိုင်ဆိုင်သူ မည်သူ့ကိုမဆို မိမိ၏ မော်တော်ယာဉ်အား အစိုးရလေလံအဖွဲ့သို့အပ်နှံပြီး မော်ဒယ်မြင့် ယာဉ်သစ်တင်သွင်းဝယ်ယူ ခွင့်ပြုနိုင်ခြင်းရှိ မရှိ၊ အစိုးရလေလံအဖွဲ့က အပ်နှံမော်ဒယ်နိမ့် မော်တော်ယာဉ်များအား အစိုးရဌာနများနှင့် နယ်မြို့များသို့ ဖြန့်ဖြူးလေလံတင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးမြန်းချက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာသည့်အခါ စိတ်ကူးစိတ်သန်းအရ ဖြစ်နိုင်စရာရှိသည်ဟု မေးမြန်းသူက ထင်မြင်ယူဆမေးမြန်းခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လက်တွေ့ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်သည့် မေးခွန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့် ယာဉ်၊ မြေ၊ အဆောက်အအုံစသည့် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပုဂ္ဂလိကအချင်းချင်း မိမိတို့ဆန္ဒအရသာ ရောင်းဝယ်ဆောင်ရွက်လိုကြသော သဘောတရားအရ နိုင်ငံတကာတွင်လည်း အစိုးရများရော ပုဂ္ဂလိကများကပါ စုပေါင်းအပ်နှံ လေလံတင်သည့် လုပ်ငန်းလုပ်ဆောင်လေ့မရှိကြောင်း၊ အစိုးရဌာနများမှ အသုံးပြုရန် မသင့်တော့သော ယာဉ်ဟောင်းများကို လေလံတင်ခြင်း၊ သံရည်ကျိုစက်သို့ ပို့ဆောင်ခြင်းပြုလုပ်ပြီး စက်မှု(၂)မှ ထုတ်လုပ်သည့် ယာဉ်အသစ်များကို အစားထိုးအသုံးပြုနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာတွင် ပုဂ္ဂလိကကဏ္ဍ၌ အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများကို မလိုလားကြတော့သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည့် ဤခေတ်ကာလ၌ ယခုကဲ့သို့ အစိုးရက ပြန်လည်ပါဝင်စွက်ဖက် ဆောင်ရွက်ပေးစေလိုသည့် သဘောသည် ခေတ်ကာလနှင့် မကိုက်ညီတော့သည်ကို ပြောကြားလိုပါကြောင်း။

ကျင့်သုံးဆောင်ရွက်

ဒေါက်တာ မြတ်ဉာဏစိုး၏ **မော်တော်ယာဉ်သစ်များ တင်သွင်းရာတွင် အကောက်ခွန်နှုန်းထားများကို သင့်တင့်သည့်နှုန်းထားအဖြစ်သာ သတ်မှတ်လျှော့ပေါ့ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်းနှင့်ပတ်သက်၍ မော်တော်ယာဉ် တင်သွင်းရာတွင် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်နှုန်းထားများသည် အကောက်အခွန်ဦးစီးဌာန အနေဖြင့် ၁၉၉၂ ခုနှစ် အကောက်အခွန်နှုန်း ဥပဒေပုဒ်မ ၃ နှင့် ၄အရ မြန်မာ့အကောက်အခွန်နှုန်းစာရင်းကို ထုတ်ပြန်ကြေညာကာ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁-၄-၂၀၀၇ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သော မြန်မာ့အကောက်ခွန်နှုန်း စာရင်း ၂၀၀၇ အရ အိမ်သုံးကားများ တင်သွင်းမှုကို ကောက်ခံသော အကောက်ခွန်နှုန်းထားများမှာ ၂၀၀၀ စီစီအထက် အိမ်သုံးမော်တော်ယာဉ်ငယ်အတွက် (၄၀)ရာခိုင်နှုန်းနှင့် ၂၀၀၀ စီစီအောက် အိမ်သုံးမော်တော်ယာဉ်ငယ်အတွက် (၃၀)ရာခိုင်နှုန်း ဖြစ်ပါကြောင်း။**

သို့ရာတွင် အာဆီယံနိုင်ငံများမှ ထုတ်လုပ်သောအိမ်သုံးမော်တော်ယာဉ်ငယ်များတင်သွင်းမှုအတွက် ပင်ရင်းဒေသထုတ်လုပ်မှု (Country of Origin) လက်မှတ်တင်ပြနိုင်ပါက အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (AFTA) သဘောတူညီချက်အရ (၅)ရာခိုင်နှုန်းသာ ကောက်ခံပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အကောက်ခွန်နှုန်းထားများကို (၀)ရာခိုင်နှုန်းသို့ လျှော့ချရမည် ဖြစ်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များအပေါ် ကောက်ခံသည့် **ကုန်သွယ် လုပ်ငန်းခွန်နှုန်းများကို လျှော့ပေါ့ သတ်မှတ်ပေးနိုင်ခြင်း မရှိကြောင်းကို သက်ဆိုင်ရာဌာနများမှ ဖော်ပြ ပြန်ကြားထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။(သတင်းစဉ်)**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး၏ ပင်လယ်ကမ်းခြေတွင် ငါးဖမ်းကြသောဒေသခံများ ကြီးလေးသည့်အခွန်အကောက် ပေးဆောင်နေရခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၂

ယနေ့ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက **အခွန်ကောက်ရာတွင် ဥပဒေနှင့်အညီ မျှမျှတတဖြစ်ရန် အထူးအရေးကြီးပါကြောင်း၊ အကောက်အခွန်ကြောင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် လုပ်ငန်းမပျက်စီးစေသင့်ကြောင်း၊ လုပ်ငန်းပျက်စီးပါက အကောက်အခွန်လျော့ကျသွားမည်ဖြစ်ကြောင်း၊ ဥပဒေအရ စနစ်တကျ မျှမျှတတ အခွန်ကောက်ခံလျှင် လက်ရှိရရှိသော အခွန်ထက်များစွာ ပိုမိုရရှိနိုင်ပြီး တစ်နှစ်ထက်တစ်နှစ်လည်း ပိုလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အကောက်အခွန်မှ ဘဏ္ဍာငွေများများရရှိနိုင်ရန် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မေးမြန်းရခြင်းဖြစ်ပါကြောင်း၊ ဒေသခံများ ပင်လယ်ကမ်းစပ်တွင် တစ်ပိုင်တစ်နိုင်ငါးဖမ်းရာတွင် ကြီးလေးသည့် အကောက်အခွန်များပေးနေရခြင်း၊ အကောက်အခွန်ပေးရမှုများပြားသောကြောင့် လုပ်ကိုင်စားသောက်၍ မကိုက်သည့်အတွက် ငါးဖမ်းခြင်းအလုပ်ကို ရပ်လိုက်ရခြင်း၊ ယင်းငါးဖမ်းသူများ အများအပြားနေရပ်နေအိမ်ကိုစွန့်ခွာပြီး တစ်ဖက်နိုင်ငံတွင် အလုပ်သွားရောက် လုပ်ကိုင်နေရခြင်းတို့ကို သိရှိခြင်း ရှိ မရှိနှင့် အခြေအနေ ပြန်လည်ကောင်းမွန်လာစေရန် အစိုးရအနေဖြင့် အလေးအနက်ထား၍ ဆောင်ရွက် သင့် မသင့်နှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်းဖြင့်** မေးမြန်းသည်။

ကြိုးကြပ်ဆောင်ရွက်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်သိမ်းက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး သားငါးရိက္ခာဖူလုံရေး၊ တစ်မျိုးသားလုံး အာဟာရဖွံ့ဖြိုးရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် လူတစ်ဦးချင်း ငါးစားသုံးမှု တိုးတက်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့် သားငါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးကဏ္ဍအား ကြီးကြပ်ဆောင်ရွက်ရာတွင် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေ(၄)မျိုး သတ်မှတ်ပြဋ္ဌာန်း၍ ရေရှည် စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊ ငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများရရှိစေရန်နှင့် ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုလုပ်နိုင်စေရန်ဟူသည့် လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ၁၉၈၈ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စတင်တာဝန်ယူသည့်အချိန်တွင် ရေငန်ငါးတန်ချိန်ပေါင်း (၅၆၁၅၄၀)ထုတ်လုပ်နိုင်ပြီး လူတစ်ဦးချင်း ပျမ်းမျှငါးစားသုံးမှု (၁၇) ကီလိုဂရမ်သာရှိခဲ့ရာမှ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ရေငန်ငါးတန်ချိန်ပေါင်း(၂၀၆၀၇၈၀) ထုတ်လုပ်နိုင်ပြီး လူတစ်ဦးချင်း ပျမ်းမျှငါးစားသုံးမှု (၄၃) ကီလိုဂရမ်ထိ တိုးတက်လာခဲ့ပါကြောင်း၊ ငါးထုတ်လုပ်မှုနှစ်စဉ်တိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်း ပျမ်းမျှငါးစားသုံးမှုလည်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ငါးထုတ်လုပ်မှုနှင့်လူတစ်ဦးချင်း ပျမ်းမျှ ငါးစားသုံးမှု အခြေအနေမှာ ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ရေငန်ငါးတန်ချိန်ပေါင်း(၅၆၁၅၄၀)၊ လူတစ်ဦးချင်း ပျမ်းမျှငါးစားသုံးမှု (၁၇) ကီလိုဂရမ်၊ ၂၀၀၀-၂၀၀၁ခုနှစ်တွင် ရေငန်ငါးတန်ချိန်ပေါင်း (၉၄၉၆၇၀)၊ လူတစ်ဦးချင်း ပျမ်းမျှငါးစားသုံးမှု (၂၃)ကီလိုဂရမ်၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ရေငန်ငါးတန်ချိန်ပေါင်း(၁၈၆၇၅၁၀)၊ လူတစ်ဦးချင်း ပျမ်းမျှ ငါးစားသုံးမှု (၄၃)ကီလိုဂရမ်နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ရေငန်ငါးတန်ချိန်ပေါင်း (၂၀၆၀၇၈၀)၊ လူတစ်ဦးချင်းပျမ်းမျှ ငါးစားသုံးမှု (၄၃) ကီလိုဂရမ်ဖြစ်ပါကြောင်း။

ကောက်ခံလျက်ရှိ

ငါးလုပ်ငန်း ဦးစီးဌာနသည် **ရေငန်ငါးလုပ်ငန်းများကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ ရေလုပ်သားများအား မှတ်ပုံတင်စေခြင်း၊ အခွန်ငွေကောက်ခံခြင်း လုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေထွက်ပစ္စည်းများမှာ နိုင်ငံတော်က ပိုင်ဆိုင်သည့် သယံဇာတများဖြစ်သည့်အတွက် ရေထွက်ပစ္စည်းထုတ်ယူသုံးစွဲသည့် ရေလုပ်ငန်းရှင်၊ ရေလုပ်သားများထံမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများကို ငါးလုပ်ငန်းဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၃)၊(၇/၂၀၀၃)ပါ သတ်မှတ်နှုန်းထားများနှင့် အညီ ကောက်ခံလျက်ရှိပါကြောင်း။**

ငွေနှုန်းထားများမှာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသော ကမ်းနီးရေလုပ်သားများအတွက် စက်မဲ့လှေတစ်စင်းလျှင် တစ်နှစ်ပတ်လုံးအတွက် (၃၀၀)ကျပ်၊ စက်တပ်လှေ တစ်စင်းလျှင် အနည်းဆုံး(၆၀၀)ကျပ်မှ အများဆုံး (၃၀၀၀)ကျပ်၊ ငါးဖမ်းကိရိယာ တစ်ခုလျှင် အနည်းဆုံး (၅၀၀)ကျပ်မှ အများဆုံး(၁၂၀၀၀)ကျပ်၊ ငါးစိုခွန် တစ်တန်လျှင် အနည်းဆုံး(၃၀၀)ကျပ်မှ အများဆုံး (၃၀၀၀)ကျပ်၊ စက်တပ်လှေတစ်စင်းလျှင် အနည်းဆုံး(၃၅၀၀) ကျပ်မှ အများဆုံး (၁၁၀၀၀)ကျပ်ခန့်သာဖြစ်ပါကြောင်း၊ ကမ်းဝေးရေလုပ်သားများအတွက် စနစ်တကျမှတ်ပုံတင်ထားရှိရန် ရေလုပ်သားမှတ်ပုံတင်ကြေး တစ်ဦးလျှင်(၅၀၀)ကျပ် ကောက်ခံသော်လည်း ကမ်းနီးရေလုပ်သားများအတွက် ကောက်ခံခြင်းမရှိပါကြောင်း။

အထက်ဖော်ပြပါ နှုန်းထားများအား လက်ရှိ ငါးတစ်ပိဿာဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက လက်လုပ်လက်စားရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်သော အလွန်သက်သာသည့် နှုန်းထားများဖြစ်ကြောင်းကို တွေ့ရှိနိုင်ပါကြောင်း၊ ရေလုပ်သားများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အခနှုန်းထားများနှင့်ပတ်သက်၍ တိုင်ကြားမှုများ၊ ကန့်ကွက်မှုများ မရှိခဲ့ပါကြောင်း။

တိုးတက်လာခဲ့

ငါးလုပ်ငန်း ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စာရင်းများအရ ငါးလုပ်ငန်း အခွန်အခရရှိမှု၊ ကမ်းနီး၊ ကမ်းဝေး ငါးလုပ်ငန်းများ၊ ရေလုပ်သားဦးရေများ၏ တိုးတက်မှု အခြေအနေမှာ ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၇၅၄)စင်း၊ ကမ်းနီးရေယာဉ်(၆၉၃၃)စင်း၊ အခွန်ငွေရရှိမှုကျပ်(၂ ဒသမ ၁၇၂)သန်းနှင့် ရေလုပ်သားဦးရေ (၂၈၃၃၉) ဦး၊ ၂၀၀၀-၂၀၀၁ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၁၉၈၇)စင်း၊ ကမ်းနီးရေယာဉ် (၂၆၀၉၉)စင်း၊ အခွန်ငွေရရှိမှု ကျပ်(၂၄၆ ဒသမ ၉၅၀)သန်းနှင့် ရေလုပ်သားဦးရေ (၆၄၆၃၇) ဦး၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၁၇၄၆)စင်း၊ ကမ်းနီးရေယာဉ် (၂၈၆၇၀)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၁၄၇၉ ဒသမ ၀၀၀)သန်းနှင့် ရေလုပ်သားဦးရေ (၁၂၅၀၈၄)ဦး ဖြစ်ပါကြောင်း၊ ထို့နောက် တစ်နှစ်ထက် တစ်နှစ် တိုးတက်လာခဲ့ရာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၂၀၇၇)စင်း၊ ကမ်းနီးရေယာဉ်(၃၀၈၄၂)စင်း၊ အခွန်ငွေရရှိမှု ကျပ်(၁၇၁၈ ဒသမ ၃၂၀)သန်းနှင့် ရေလုပ်သားဦးရေ (၁၃၀၇၉၃)ဦး ဖြစ်လာခဲ့ပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထုတ်လုပ်မှုနှင့် ရေယာဉ်စင်းရေ၊ ရေလုပ်သားဦးရေများ တိုးတက်ခဲ့သည့်နည်းတူ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ဒေသတစ်ခုချင်းအနေဖြင့်လည်း တိုးတက်ခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁၉၈၈-၁၉၈၉ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၂၄၇)စင်း၊ ကမ်းနီးရေယာဉ် (၃၄၀၇)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၀ ဒသမ ၉၀၃)သန်း၊ ရေနင်ငါး ထုတ်လုပ်မှု တန်(၂၉၃၈၂၀)၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု(၂၀ ဒသမ ၉၉) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၅၈၁၁)ဦး၊ ၂၀၀၁-၂၀၀၂ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၄၀၂)စင်း၊ ကမ်းနီးရေယာဉ် (၁၀၈၃၃) စင်း၊ အခွန်ရရှိမှု ကျပ်(၁၃ ဒသမ ၉၃၂)သန်း၊ ရေနင်ငါးထုတ်လုပ်မှုတန်(၅၄၂၃၉၀)၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု (၃၇ ဒသမ ၄၁)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၁၈၆၆၀)ဦး၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၅၉၀)စင်း၊ ကမ်းနီးရေယာဉ်(၁၂၀၅၂)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၂၇၈ ဒသမ ၂၉၀)သန်း၊ ရေနင်ငါးထုတ်လုပ်မှု တန်(၉၇၃၃၄၀)၊ လူတစ်ဦး ပျမ်းမျှငါး စားသုံးမှု (၅၈ ဒသမ ၈၁) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၄၉၆၃၆) ဦးရှိခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၆၈၆)စင်း၊ ကမ်းနီးရေယာဉ်(၁၁၆၈၀)စင်း၊ အခွန်ငွေရရှိမှု ကျပ်(၃၁၉ ဒသမ ၃၀)သန်း၊ ရေနင် ငါးထုတ်လုပ်မှုတန် (၁၀၈၀၈၅၀)၊ လူတစ်ဦးပျမ်းမျှ ငါးစားသုံးမှု (၆၃ **ဒသမ ၄၀)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၅၂၂၅၇)ဦးအထိ တိုးတက်လာခဲ့ကြောင်း။**

မွန်ပြည်နယ်၌ ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ကမ်းဝေးရေယာဉ် (၂၉) စင်း၊ ကမ်းနီးရေယာဉ် (၅၄၉)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၀ ဒသမ ၀၀၂) သန်း၊ ရေနင်ငါးထုတ်လုပ်မှု တန် (၃၂၃၀၀)၊ လူတစ်ဦးပျမ်းမျှ ငါးစားသုံးမှု (၁၆ ဒသမ ၅၅)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၁၉၃၇) ဦး၊ ၂၀၀၁-၂၀၀၂ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၂၂၇)စင်း၊ ကမ်းနီးရေယာဉ် (၁၈၆၆)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၅ ဒသမ ၅၉၀)သန်း၊ ရေနင်ငါးထုတ်လုပ်မှု တန်(၆၀၉၅၀)၊ လူတစ်ဦး ပျမ်းမျှ ငါးစားသုံးမှု (၂၁ ဒသမ ၁၅) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၄၁၀၈)ဦး၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၁၅၅)စင်း၊ ကမ်းနီးရေယာဉ် (၁၅၆၈)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၃၁ ဒသမ ၃၀၆)သန်း၊ ရေနင်ငါးထုတ်လုပ်မှု တန်(၂၀၁၇၃၀)၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု (၆၂ ဒသမ၈၆)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၆၂၆၃) ဦး ရှိခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၁၄၈)စင်း၊ ကမ်းနီးရေယာဉ် (၁၆၀၆)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၃၂ ဒသမ ၀၇၈)သန်း၊ ရေနင်ငါး ထုတ်လုပ်မှု တန် (၂၆၃၃၅၀)၊ လူတစ်ဦး ပျမ်းမျှ ငါးစားသုံးမှု (၈၀ ဒသမ ၈၃) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၆၅၀၅)ဦးအထိ တိုးတက်လာခဲ့ကြောင်း။

အလားတူ ၄င်းဒေသ(၂)ခုအတွင်းရှိ ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်များ၏ ရေငန်ငါးကုန်ထုတ်မှု၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်စင်းရေ၊ အခွန်အခ၊ လူတစ်ဦးချင်းပျမ်းမျှ ငါးစားသုံးမှုနှုန်းများမှာ နှစ်စဉ်တိုးတက်လာကြောင်း တွေ့ရှိနိုင်ပြီး ရေလုပ်သားဦးရေမှာ အနည်းငယ်သာ အတက်အကျ အပြောင်းအလဲရှိကြောင်းကို တွေ့ရှိနိုင်ပါကြောင်း၊ ရေဖြူမြို့နယ်၌ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကမ်းနီးရေယာဉ်(၂၈၂)စင်း၊ အခွန်ငွေရရှိမှု ကျပ်(၁ ဒသမ ၀၄၀)သန်း၊ ရေနင်ငါးထုတ်လုပ်မှု တန် (၄၁၁၃၂)၊ လူတစ်ဦးပျမ်းမျှ ငါးစားသုံးမှု(၄၉ ဒသမ ၄၅) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၁၇၄၀)ဦး၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကမ်းနီးရေယာဉ် (၂၉၅)စင်း၊ အခွန်ရရှိမှု ကျပ် (၁ ဒသမ ၀၁၀) သန်း၊ ရေနင်ငါးထုတ်လုပ်မှုတန် (၄၂၈၄၈)၊

စာမျက်နှာ ၁၀ ကော်လံ ၁

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ယခင် လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **"အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း)တစ်ရပ်ကို လာမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြသည်။

လေ့လာသိရှိ

ရွှေဦးစွာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားအင်အားကို စနစ်ကျနစွာ အသုံးချရေး၊ အလုပ်ရှာဖွေသူများအား သင့်လျော်ရာ လုပ်ငန်းခွင်များသို့ အမြန်ဆုံးနေရာချထားရေး၊ စွမ်းဆောင်ရည်ထက်မြက်သော ကျွမ်းကျင်အလုပ်သမားများ စဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးဟူသည့် ကောင်းမြတ်သော အလုပ်သမားရေးရာ ရည်မှန်းချက်များဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာသိရှိရပါကြောင်း။

ဤရည်မှန်းချက်အရ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အလုပ်သမားအင်အားစုကြီးကို ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေးအတွက် ပြောင်းလဲ တိုးတက်လာသည့် ဈေးကွက်လိုအပ်ချက်နှင့်အညီ အလုပ်သမားများကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို မပြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါကြောင်း။

ထို့ပြင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြားတွင် ကောင်းမွန်သော ဆက်ဆံမှုရရှိရေးနှင့် လုပ်ငန်းခွင် အေးချမ်းသာယာမှုရရှိရေးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

စီစဉ်ဆောင်ရွက်

ထို့ကြောင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ သုံးပွင့်ဆိုင် မဏ္ဍိုင်ကြီးများအတွင်း နိုင်ငံတော် စီးပွားရေးကဏ္ဍ၏ အဓိက ပါဝင်သူများအားလုံးအကြား၌ အနီးကပ် ပူးပေါင်းဆောင်ရွက်ရေး၊ ထိရောက်သော ညှိနှိုင်းမှုပြုလုပ်နိုင်ရေးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ ကျွမ်းကျင်မှု မြှင့်တင်ရေးတို့အတွက် ဥပဒေကြမ်းပြုစုရန် တင်သွင်းခဲ့သော အဆိုသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သော ဥပဒေကြမ်းဖြစ်ပါ၍ လာမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက အချိန်မီရေးဆွဲတင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ထောက်ခံတင်ပြပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က **ဦးတင်မောင်ဝင်း၏အဆို၌ အချက်(၃)ချက် တွေ့ရပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေကြမ်းသည် (၃)ခုစာ စီစဉ်ဆောင်ရွက်ရန်ဖြစ်သည်ဟု မြင်ပါကြောင်း။**

အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးသည် စီးပွားရေးမူဝါဒအပေါ် တည်ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် (၃၅)၌ နိုင်ငံတော်၏ စီးပွားရေးသည် ဈေးကွက်စီးပွားရေးဖြစ်သည်ဟု ဆိုထားခြင်းကြောင့် အတောမသတ်နိုင်အောင် အမျိုးမျိုးသော လူများ၏ ဆန္ဒများအရ ပေါ်များလှသည့် ဝယ်လိုအားကို နိုင်ငံသားတစ်ဦးချင်းက ဉာဏ်ရှိသလို စွန့်စားတီထွင် တိုးချဲ့သွားမည်သာဖြစ်၍ မူဝါဒအားဖြင့် မှန်ကန်ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးအတွက် အရင်းအနှီးသစ်များ ရှာဖွေရေး မူဝါဒသာ လိုအပ်ပါကြောင်း။

ယင်းကို ပြည်သူ့စုဆောင်းမှုက အဓိကရရှိပါကြောင်း၊ အဓိကဆိုရာတွင် လက်ရှိစုဆောင်းမှုကရသည့် အရင်းရော၊ နောက်ထပ် ပြည်တွင်း၊ ပြည်ပ ချေးငွေများကဖြစ်သည့် အရင်းကို ပြန်ဆပ်ရန်အတွက်ပါ ပြည်သူများက အဓိကဖြစ်သည်ဟု ဆိုလိုပါကြောင်း၊ စုဆောင်းမှုဆိုသည်မှာ ဝင်ငွေကနေ စားသုံးမှုအပြင် ပိုလျှံငွေ (သို့) စားသုံးမှုအချို့ကို ချုံးနှိမ်ခြိုးခြံပြီး ပိုလျှံအောင်စုသောငွေ ဖြစ်ပါကြောင်း၊ စားသုံးမှုနှင့် ပို့ကုန်အားပေး စီးပွားရေးမူဝါဒ၌ ဤသို့ ခြိုးခြံစုဆောင်းမှု (သို့) လက်ရှိ စုဆောင်းမှုကရသည့် အရင်းကို အားမထားဘဲ ချေးငွေအရင်းကိုပင် အဓိကထားပါကြောင်း၊ သို့သော် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ငွေကြေးဈေးကွက်များ ပြိုကျပျက်စီးမှုကြောင့် ချေးငွေအရင်းကို လျှော့ချ၍ စုဆောင်းမှုကရသည့် အရင်းရှာမူဝါဒဘက်သို့ ပြန်လှည့်လာခဲ့ကြပါကြောင်း။

စုဆောင်းမှုအရင်းရော ချေးငွေအရင်းနှစ်ခုလုံး တိုးတက်ရန် အကောင်းဆုံးနှင့် တရားမျှတမှု အရှိဆုံးမှာ မက်လုံးပေးဆွဲဆောင်မှု (Incentive) ပြုနိုင်သည့် စတော့ငွေကြေးဈေးကွက် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဦးတင်မောင်ဝင်း အဆိုတင်သွင်းသော အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေးတွင် စတော့ငွေကြေးဈေးကွက်ထူထောင်ရေး ဥပဒေကြမ်းတစ်ရပ်လည်း လိုအပ်ပါကြောင်း။

နိုင်ငံခြားမှ တိုက်ရိုက်လာရောက်ရင်းနှီးမြှုပ်နှံမှု FDI ဆိုသည်မှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီ၊ ပရောဂျက်စသည်များ၏ မတည်အရင်း ပိုင်ဆိုင်မှုကို စိတ်ပိုင်းထားသော ရှယ်ယာများ၊ ချေးယူမည့်ငွေအတွက် ရေးသားပေးသည့် ငွေချေးစာချုပ်များနှင့် လက်ခံခြင်း ဖြစ်ပါကြောင်း၊ သို့မဟုတ် ဤရှယ်ယာ၊ ငွေချေးစာချုပ်များနှင့် အလားတူ ပီပီပြင်ပြင် သဘောသက်ရောက်သော ကတိစာချုပ်များဖြင့် ထည့်ဝင်ခြင်း ဖြစ်ပါကြောင်း။

ဦးတင်မောင်ဝင်း၏အဆို၌ ဒုတိယအချက်ဖြစ်သော **လုပ်ငန်းခွင်အေးချမ်းသာယာရေးသည် အန္တရာယ် ကင်းရှင်းလုံခြုံရေးအစီအစဉ်များအပြင် ဆေးကုသခံယူခွင့်၊ လျော်ကြေး၊ ဆုကြေး၊ သက်သာချောင်ချိရေးစသည်တို့ပါဝင်မည် ဖြစ်ကြောင်း၊ ထို့အပြင် အနာဂတ်ဘဝအာမခံနိုင်ရေးအတွက် ခေတ်မီလူမှုဖူလုံရေး အာမခံကွန်ရက်ပုံစံစနစ်လည်း လိုပါကြောင်း။**

အလုပ်သမားများ၏ ကျွမ်းကျင်မှု တိုးတက်ရေးသည် တိုးတက်ပြောင်းလဲနေသော နည်းပညာများ၊ စက်ကိရိယာများဆိုင်ရာ မွမ်းမံအလုပ်ခွင်သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ စသည်များနှင့် သက်ဆိုင်ပါကြောင်း၊ ယင်းကို ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ စက်ရုံအလုပ်ရုံအလိုက် စီမံခန့်ခွဲရေးအပိုင်းက မပြတ်လေ့လာ ဆောင်ရွက်ပေးသွားရန် အစီအစဉ်များ လိုအပ်သည်ဟု ထောက်ခံအကြံပြုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် အလုပ်သမားရေးရာနှင့် ပတ်သက်၍ တည်ဆဲဥပဒေများ၌ ၁၉၅၁ ခုနှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေး အက်ဥပဒေလည်း ပါရှိပါကြောင်း၊ အဆိုပါ ဥပဒေသည် လက်ရှိအခြေအနေတွင် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်လည်းကောင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း အားနည်းလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်လည်းကောင်း၊ ပုဒ်မ ၃၀ တွင် နိုင်ငံတော်သည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန်အတွက်လည်းကောင်း အတတ်နိုင်ဆုံး ဖြည့်ဆည်းရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် စက်ရုံ အလုပ်ရုံများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ အဆိုပါ တည်ဆောက်မှုအရ ဖြစ်ပေါ်လာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုင်တွယ်မောင်းနှင်ကုန်ထုတ်လုပ်မည့်သူများမှာ အလုပ်သမားများပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပေါ်ပေါက်လာမည့် အလုပ်အကိုင်ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်မှုများရှိနေရန် အထူးလိုအပ်ပါကြောင်း၊ ၎င်းအပြင် ကုန်ထုတ်လုပ်နိုင်စွမ်း မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းခွင် အေးချမ်းသာယာရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်ရှင်၊ အလုပ်သမားတို့ အကြားတွင် ကောင်းမွန်သော ဆက်ဆံရေးရှိရန် အလုပ်ခန့်ထားမှုစာချုပ်များ လိုအပ်မှာဖြစ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်း၊ လုပ်သားထုစည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝရေးအတွက် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အလုပ်သမားများ စည်းကမ်းနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး ဗဟိုအဖွဲ့ကို ဝန်ကြီး (၂၁)ဦးပါဝင်လျက် ဖွဲ့စည်းအကောင်အထည်ဖော်စေခြင်း၊ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို ပြန်လည်ဖွင့်လှစ်စေခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပြီး အလုပ်အကိုင် ရှာဖွေပေးနိုင်မှုမှာလည်း (၂)ဆတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းအကောင်အထည်ဖော်မှုအရ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်အလုပ်သမားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ကြမည် ဖြစ်ပါကြောင်း၊ အဆိုပါရည်မှန်းချက်အရ မြန်မာနိုင်ငံမှ အလုပ်သမားများသည်လည်း အခြားအာဆီယံနိုင်ငံများရှိ အလုပ်သမားများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ကျွမ်းကျင်မှုမရှိလျှင် အထွေထွေအလုပ်သမား အဖြစ်သာ လုပ်ကိုင်ရမည့် အခြေအနေဖြစ်သည့်အတွက် မြန်မာအလုပ်သမားများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေး ကိစ္စသည် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ အလုပ်သမားများ ကျွမ်းကျင်မှု တိုးတက်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်နိုင်စွမ်းလည်း တိုးတက်လာမှာ ဖြစ်သည့်အတွက် အလုပ်ရှင်များအတွက်လည်း အကျိုးရှိစေမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်သမားများ ကျွမ်းကျင်မှု တိုးတက်ရေးတွင် နိုင်ငံတော်အစိုးရကိုချည်း အားကိုးခြင်းမပြုဘဲ အလုပ်ရှင်နှင့် အလုပ်သမားများ ကိုယ်တိုင်က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာမှသာ အလျင်အမြန်တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အခြေခံဥပဒေ ပုဒ်မ ၃၉၀(ဂ)နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ရာတွင် နိုင်ငံတော်အား ကူညီဆောင်ရွက်ရန် နိုင်ငံသားတိုင်းတွင်လည်း တာဝန်ရှိပါကြောင်း။

ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ ကျွမ်းကျင်မှုမြှင့်တင်ရေးတို့အတွက် ဥပဒေကြမ်းပြုစုရန် တင်သွင်းခဲ့သော အဆိုသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး နိုင်ငံတော်၏ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေကြမ်းဖြစ်၍ လာမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေး အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက အချိန်မီရေးဆွဲ တင်သွင်းနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးပါရန် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်းက ဦးတင်မောင်ဝင်း၏ အဆိုပြုချက်သည် အလုပ်သမားအခွင့်အရေး တိုးတက်မြင့်မားအောင် ဥပဒေအရ အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်း ကျင့်သုံးသွားစေနိုင်ရန်အတွက် တင်သွင်းခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ မိမိတို့တိုင်းပြည်၌ ယခင်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က အလုပ်သမားများကို အကာအကွယ်ပေးသည့် ဥပဒေများရှိခဲ့သော်လည်း လက်ရှိပြောင်းလဲနေသော ခေတ်ကာလအခြေအနေများနှင့် မကိုက်ညီတော့သည့်အတွက် ပိုမိုကောင်းမွန်ပြီး အခြေအနေသစ်နှင့် ကိုက်ညီသော ဥပဒေရေးဆွဲကာ အစားထိုးရန် လိုအပ်နေပါကြောင်း။

ထို့ကြောင့် ဦးတင်မောင်ဝင်းက ဤကိစ္စနှင့်ပတ်သက်သည့် ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၌ အဆိုပြုပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်အောင် လာမည့် ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားခြင်းဖြစ်သည်ဟု သုံးသပ်မိပါကြောင်း၊ ယင်းအချက်ကို ဦးတင်မောင်ဝင်း၏ အဆိုပြုချက်၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်ပါကြောင်း၊ သို့မှသာ ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့လျှင် တာဝန်ယူ ဆောင်ရွက်ရမည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လိုအပ်သည်များကို ပြင်ဆင်နိုင်မှာ ဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းပြုစုမည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို အကြံပြုလိုသည်မှာ ဥပဒေမူကြမ်းရေးဆွဲသည့်အခါတွင် ဥပဒေမူကြမ်းသည် ပကတိ လက်တွေ့ကျရန်နှင့် မျှတမှုရှိရန် လိုအပ်ပါကြောင်း။

လုပ်ငန်းခွင်၌ အလုပ်သမားများ ထိခိုက်ဒဏ်ရာရလျှင် လျော်ကြေးပေးရသည့် ကိစ္စနှင့်စပ်လျဉ်း၍ ပြောလိုပါကြောင်း၊ ဤကိစ္စ၌လည်း အလုပ်ခွင် စည်းကမ်း ဖောက်ဖျက်ပြီး အရက်သေစာ သောက်စားကာ မတော်တဆ ထိခိုက်ဒဏ်ရာရမှု ဖြစ်ခဲ့လျှင် မည်သို့ဆောင်ရွက် မည်ဆိုသည်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ယခုအဆိုပြုချက် အတည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းက ဥပဒေကြမ်း ပြုစုသည့်အခါ ပကတိတည်ရှိနေသော၊ လက်တွေ့ဘဝကို ထင်ဟပ်နိုင်သော ဥပဒေတစ်ရပ်ဖြစ်ရေး၊ နှစ်ဖက်မျှတမှု ရှိစေရေးကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ နောက်ဆုံးအချက်အနေဖြင့် မိမိတို့၏ ဥပဒေတွင် ဖွံ့ဖြိုးတိုးတက်ဆဲဖြစ်သော၊ စံနမူနာယူလောက်သော၊ မိမိတို့နိုင်ငံနှင့်လည်း အခြေအနေချင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြန်လည်ရှင်းလင်း

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦး အောင် ကြည် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉မှ

လူတစ်ဦးပျမ်းမျှ ငါးစားသုံးမှု (၅၁ဒသမ၉၂)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၁၈၁၃)ဦး ရှိခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ကမ်းနီးရေယာဉ် (၂၉၆)စင်း၊ အခွန်ငွေရရှိမှု ကျပ်(၁ဒသမ ၁၂၉)သန်း၊ ရေငန်ငါးထုတ်လုပ်မှု(၄၈၃၉၄) တန်၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု (၅၄ ဒသမ၅၂)ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၁၈၄၈)ဦး ဖြစ်ပါကြောင်း။

ရေးမြို့နယ်၌ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၅၉)စင်း၊ ကမ်းနီးရေယာဉ် (၄၅၅)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၁၂ဒသမ၅၁၅)သန်း၊ ရေငန်ငါးထုတ်လုပ်မှု တန်(၆၇၉၀၀)၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု (၃၃ ဒသမ ၈၀) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၂၄၂၆)ဦး၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ကမ်းဝေးရေယာဉ်အစင်း (၆၀)၊ ကမ်းနီးရေယာဉ် (၄၅၂)စင်း၊ ရေငန်ငါးထုတ်လုပ်မှုတန် (၇၄၂၀၀)၊ လူတစ်ဦး ပျမ်းမျှငါးစားသုံးမှု (၃၆ဒသမ၁၀) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၂၄၇၀)ဦး ရှိခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ကမ်းဝေးရေယာဉ်(၅၉)စင်း၊ ကမ်းနီးရေယာဉ်(၄၅၅)စင်း၊ အခွန်ငွေရရှိမှု ကျပ် (၁၃ဒသမ၀၄၆)သန်း၊ ရေငန်ငါးထုတ်လုပ်မှု (၈၀၄၀၀)တန်၊ လူတစ်ဦးပျမ်းမျှ ငါးစားသုံးမှု (၃၉ ဒသမ ၈၀) ကီလိုဂရမ်နှင့် ရေလုပ်သားဦးရေ (၂၅၀၃)ဦး ဖြစ်ပါကြောင်း။

အထက်ပါ စာရင်းဇယားများအရ ရေးနှင့်ရေဖြူမြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ အခွန်ကောက်ခံမှုနှုန်းမှာ လှေတစ်စင်းလျှင် တစ်နှစ်ပတ်လုံးအတွက် စုစုပေါင်း (၃၅၀၀)ကျပ်မှ (၁၁၀၀၀) ကျပ်မျှသာကျသင့်ပြီး အခွန်ဆောင်ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့်၊ သင့်တင့်မျှတသည့် နှုန်းထားများသာဖြစ်ကြောင်း တွေ့ရှိနိုင်ပါကြောင်း၊ ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနမှ တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်သည့် ဒူးဖိလက်စမ်း ငါးဖမ်းသမားများအတွက် ပေါ်ခပ်၊ယက်သွဲ၊ တိုင်ထောင်မျှင်၊ ပိုက်ခမင်း၊ ပိုက်စမ်း၊ ခမင်းမြှုံး စသည့် အရွယ်အစား သေးငယ်သည့် ကိရိယာများအား အခွန်ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ ကုန်းတွင်းပိုင်းတွင်လည်း တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်သည့် ငါးဖမ်းသမားများအတွက် အခွန်ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ ရေလုပ်သားစာရင်းအရ နှစ်စဉ်တိုးတက်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

စီမံဆောင်ရွက်

သို့ပါ၍ ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်ကောက်ခံခြင်းသည် ငါးလုပ်ငန်းများအား စနစ်တကျ မှတ်ပုံတင်နိုင်ရေး၊ စီမံခန့်ခွဲနိုင်ရေးနှင့် နိုင်ငံတော်မှရသင့်ရထိုက်သည့် အခွန်အခများရရှိရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အခွန်ကြီးလေးစွာ ကောက်ခံခြင်းမရှိကြောင်းနှင့် ငါးသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနမှ ပြုစုထားရှိသည့် ငါးလုပ်ငန်းဆိုင်ရာ စာရင်းဇယားမှတ်တမ်းများအရ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး(ရေးမြို့နယ်-ရေဖြူမြို့နယ်)တွင် ဒေသခံရေလုပ်သားများမှ ကြီးလေးသည့် အခွန်ပေးဆောင်ရခြင်း မရှိပါကြောင်း။

နိုင်ငံတော်မှ ကောက်ခံသည့် ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ များပြားခြင်းမရှိသဖြင့် ငါးဖမ်းလုပ်ငန်းများ ရပ်ဆိုင်းခြင်းမရှိပါကြောင်း၊ လုပ်ငန်းရှင်များနှင့်ရေလုပ်သားများ သိသာစွာလျော့ပါးခြင်း မရှိကြောင်းကို ငါးလုပ်ငန်းဦးစီးဌာနရှိ ရေယာဉ်မှတ်ပုံတင်စာရင်းများနှင့် လှေပိုင်ရှင်စာရင်းများအရ သိရှိနိုင်ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် စာရင်းများအရ ရေယာဉ်နှင့် ရေယာဉ်ပိုင်ရှင်၊ ရေလုပ်သား ဦးရေများမှာ လျော့ပါးခြင်းမရှိကြောင်း၊ တစ်ပိုင်တစ်နိုင် ကမ်းနီးရေလုပ်သားများမှာ မိမိ၏လက်ငုတ်လက်ရင်း လုပ်ငန်းများကို မိမိတို့ နေရပ်တွင်ပင် လုပ်ကိုင်လျက်ရှိပါကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုးတက်လာသည့် လူဦးရေအတွက် လိုအပ်မည့် ငါးရိက္ခာ ဖြည့်ဆည်းပေးနိုင်ရေး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ငါးထုတ်လုပ်မှု လျော့ပါးမှုကို ဖြည့်တင်းပေးနိုင်ရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နိုင်သည့် အခွင့်အရေးများ ပိုမိုရရှိနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ငါးသယံဇာတ ထိန်းသိမ်းနိုင်ရေးအတွက် ငါးမျိုးများပေါက်ပွားကြီးပြင်းသည့်အချိန်တွင် ငါးမဖမ်းရကာလ (Closed Season) အဖြစ်လည်းကောင်း၊ အချို့ ငါးပေါက်ပွားသည့်နေရာ (Spawning Ground) များတွင် ငါးမဖမ်းရနယ်မြေ(Closed Area)များ အဖြစ်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်တားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယုတ်လျော့သွားသော ငါးသယံဇာတများ ပြန်လည်တိုးပွားလာစေရေးအတွက် ရေငန်ငါး/ပုစွန်များကို ငါးလုပ်ငန်းစခန်းများမှ သားဖောက်၍ ပင်လယ်ပြင်သို့ မျိုးစိုက်သည့်အနေဖြင့် ပြန်လည်လွှတ်ပေးလျက်ရှိပါကြောင်း၊ ငါးပေါက်ပွားကြီးပြင်းရာ ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့် အပင်နှင့် သတ္တဝါတို့၏ ဂေဟစနစ်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် ပင်လယ်ပြင်တွင် လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်း၊ ပင်လယ်ရေမှော်မွေးမြူခြင်းစသည့် လုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေလုပ်သားများအား တာဝန်သိမှု အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရမည့် ငါးလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များ (Code of Conduct for Responsible Fisheries) အား လိုက်နာ ဆောင်ရွက်စေရေးအတွက် စည်းရုံးပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မှာကြား

မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအပြီးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ အစည်းအဝေး၏ နံနက်ပိုင်း (၁)နာရီသာလျှင် မေးခွန်းနှင့်အဖြေများ မေးမြန်း ဖြေကြားခြင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ယနေ့ (၂)နာရီကျော်သည်အထိလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုရခြင်းမှာ အကြောင်းရင်းရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာဟူသော အာဏာ(၃)ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ လုပ်ငန်းများကို နှံ့နှံ့စပ်စပ် သိရှိထားရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ဆွေးနွေးပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **"ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါရန်"** အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်းက ဘုံတလာရေတံခွန်သည် မတူပီမြို့နယ်၌ရှိပြီး မတူပီမြို့သည် လုံခြုံရေးအရ အချက်အချာကျပါကြောင်း၊ ဘုံတလာရေတံခွန်သည် မတူပီမြို့မှ (၁၅)မိုင်ကွာဝေးသည့် ရေတံခွန်ဖြစ်ပါကြောင်း၊ ယင်းရေတံခွန်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဆိုပါက ချင်းပြည်နယ်အတွက် အကျိုးရှိမည် ဖြစ်ပါကြောင်းနှင့် ရေလုံလောက်မှုရှိမည်ဟုလည်း ယူဆရပါကြောင်း၊ မတူပီမြို့နယ်တွင်ရှိသည့် ဘုံတလာရေတံခွန်မှ ရေအားလျှပ်စစ်မီးပေးနိုင်ပါက အများပြည်သူအတွက် ကြီးမားသည့်အကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း၊ နီးစပ်ရာမြို့နယ်များဖြစ်သည့် မင်းတပ်၊ ဟားခါး၊ ထန်တလန်စသည့် မြို့နယ်များမှ ကျေးရွာများ၌လည်း မီးပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံတင်ပြ ဆွေးနွေးသည်။

တည်ဆောက်ပေး

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ဆွေးနွေးရာတွင် **နိုင်ငံတော် အစိုးရသည် ၂၀၀၈ခုနှစ်အထိ မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်ခြင်းမရှိသော ဒေသန္တရသုံး အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၃၃)ရုံ တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တည်ဆောက်ပေးခဲ့သော အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသေးဆုံး ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အားမှာ(၀ ဒသမ ၁၂) မဂ္ဂါဝပ်ဖြစ်ပြီး အကြီးဆုံးဓာတ်အားပေး စက်ရုံ၏ စက်တပ်ဆင်အားမှာ (၅) မဂ္ဂါဝပ်သာ ဖြစ်ပါကြောင်း၊ စက်တပ်ဆင်အား (၁၀) မဂ္ဂါဝပ်အထိ ထုတ်လုပ်သည့်စက်ရုံများမှာ အသေးစားစက်ရုံများ ဖြစ်ပါကြောင်း။**

မင်းတပ်ခရိုင် မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်အား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်ဆိုပါက စူးစမ်းလေ့လာထားရှိမှုအရ လျှပ်စစ်စက်တပ်ဆင်အားအများဆုံး (၁ ဒသမ ၈) မဂ္ဂါဝပ်သာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်နိုင်ခြင်း မရှိသော ဒေသန္တရသုံး အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမျိုးအစားသာ ဖြစ်ပါကြောင်း၊ အကြီးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ အမျိုးအစား မဟုတ်ပါကြောင်း။

၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၈)၊ ဇယား(၂)၊ စာမျက်နှာ (၁၈၉)၊ စာပိုဒ်(၄)(က)တွင် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ " ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိကြောင်း" ဖော်ပြထားပါကြောင်း။

ပြန်လည်ရှင်းလင်း

သို့ဖြစ်၍ ဦးပေါ်လျှံလွင်၏ အဆိုပြုတင်ပြချက်နှင့်ပတ်သက်၍ ဘုံတလာရေအားလျှပ်စစ်စီမံကိန်းသည် အသေးစားလျှပ်စစ်စီမံကိန်းသာဖြစ်ပြီး ပြည်နယ်၏ လုပ်ပိုင်ခွင့်ဖြစ်သဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကနှင့် သမဝါယမအသင်းများကိုယ်တိုင်လည်း ရင်းနှီးမြှုပ်နှံတည်ဆောက်ခွင့်၊ ကိုယ်တိုင်ထုတ်လုပ်ရောင်းချခွင့်ရှိကြောင်းနှင့် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရမည့်လုပ်ငန်း မဟုတ်သဖြင့် အမျိုးသားလွှတ်တော်သို့ တင်ပြသင့်သော အဆိုမဟုတ်ပါကြောင်းနှင့် အဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။**

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းသည့် **"ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါရန်"** အဆိုကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက နည်းပညာပိုင်းဆိုင်ရာ တွေ့ရှိချက်အရ လျှပ်စစ်စက်တပ်ဆင်အား (၁ ဒသမ ၈) မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်သည့် အဆင့်သာရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ပါ ဇယား(၂)နှင့် ကိုက်ညီခြင်းမရှိကြောင်း ရှင်းလင်းဆွေးနွေးပြီး ဖြစ်သည့်အတွက် ယင်းအဆိုကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကပယ်ကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

ရှင်းလင်း ဆွေးနွေး

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ပြန်လည် ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်က အသစ်တင်သွင်းသောအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

ရှေးဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက **"အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ (၂၃) ရက် (ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းဆောင်ရွက်

နေပြည်တော် မတ် ၂၂

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်က အသစ်တင်သွင်းသောအဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက **"တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးကျော်သိန်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ မှ

မတိမ်းမယိမ်း တူညီသောနိုင်ငံများ၏ အလုပ်သမားဥပဒေများကိုပါ ထည့်သွင်းလေ့လာ စဉ်းစားသင့်ပါကြောင်းနှင့် ဦးတင်မောင်ဝင်း၏ အဆိုကို အပြုသဘောထောက်ခံဆွေးနွေး အပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချမှတ်ဆောင်ရွက်

ယင်းအဆိုနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးအတွက် ဗဟိုအဖွဲ့တစ်ခုကို (၁-၇-၂၀၀၉) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းဗဟိုအဖွဲ့ အစည်းအဝေးများက အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ပြန်လည်အကောင်အထည်ဖော်ရေးနှင့် အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေးဟူသည့် လုပ်ငန်းတာဝန် (၂) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းတာဝန် (၂)ရပ်အနက် ပထမလုပ်ငန်းတာဝန်ဖြစ်သော အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Offices) (၇၇)ရုံးကို ၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်း၌ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းကြောင့် နှစ်စဉ် အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့သူ ဦးရေသည် ယခင်က ပျမ်းမျှ (၁၁၂၃၀၅) ဦးရှိခဲ့ရာမှ ယခုအခါ ပျမ်းမျှ (၂၆၅၆၉၄) ဦးဖြစ်လာခဲ့၍ နှစ်ဆကျော်တိုးတက်မှု ရှိလာခဲ့ပါကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် Labour Exchange လုပ်ငန်းများအတွက် ကျောထောက်နောက်ခံပြုထားသော ဥပဒေများသည် အကြောင်းအမျိုးမျိုးကြောင့် သြဇာသက်ရောက်မှုနည်းနေသည့်အတွက် ဥပဒေကြောင်းအရ ပိုမိုထိရောက်စွာ အထောက်အပံ့ဖြစ်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်တို့အတွက် ကျောထောက်နောက်ခံ ဥပဒေတစ်ရပ် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် လူမှုရေး တရားမျှတမှုရရှိစေရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (Employment Contract) ချုပ်ဆိုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကျင့်စဉ်များနှင့်အညီ အလုပ်သမားဝန်ကြီးဌာန၏ ၃၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅) အရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်သမားများကို ဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝ ခံစားရရှိစေရေး၊ လုပ်ငန်းခွင်စည်းကမ်း ကောင်းမွန်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံမှုကောင်းမွန်စေရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာမှုရှိစေရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်စေရေး စသည့် ရည်မှန်းချက်များဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရန် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန် ထားရှိခဲ့ပါကြောင်း၊ ယင်းညွှန်ကြားချက်အရ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ (၂၈)ရက်နေ့အထိ စက်ရုံ အလုပ်ရုံ အလုပ်ဌာနပေါင်း (၅၈၁၇)ခုတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ပါကြောင်း၊ သို့သော် ယင်းအမိန့်ကြော်ငြာစာအတွက်လည်း ကျောထောက်နောက်ခံဥပဒေတစ်ရပ် ရှိသင့်ပါကြောင်း။

ဗဟိုအဖွဲ့၏ ဒုတိယလုပ်ငန်းတာဝန်ဖြစ်သော အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် နှစ်စဉ်ကောက်ယူသော အလုပ်သမားစာရင်းအရ ၂၀၁၀ ခုနှစ်တွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ငန်း၌ လုပ်သားဦးရေ (၇၉၃၃၀၀)ဦးရှိပြီး ကိုယ်တိုင်/ကျပန်းလုပ်သားဦးရေ (၂၈၅၉၃၂၅) ဦးရှိသဖြင့် စုစုပေါင်းလုပ်သားဦးရေ (၃၆၅၂၆၂၅)ဦးရှိပါကြောင်း၊ အဆိုပါ လုပ်သားထု၏ ကျွမ်းကျင်မှု အဆင့်အတန်းသည် ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ကျနေသေးသည့်အပြင် ကမ္ဘာတစ်ဝန်းတွင်နည်းပညာပြောင်းလဲ တိုးတက်မှုနှုန်း မြင့်မားလာခြင်းနှင့် မြန်မာနိုင်ငံတွင်လည်း စက်မှုလုပ်ငန်းခွင် အနေအထား ဖွံ့ဖြိုးတိုးတက်လာခြင်း တို့ကြောင့် ဆီလျော်ညီညွတ်သည့် အတိုင်းအတာတစ်ခုအထိ တိုးတက်လာရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လုပ်သားထု၏ ကျွမ်းကျင်မှုလိုအပ်ချက်ကို အလျဉ်မီအောင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ အများအပြား လိုအပ်မည် ဖြစ်ပါကြောင်း။

ထုတ်လုပ်နိုင်စွမ်းရှိ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဖွင့်လှစ်လျက်ရှိသော အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာ ကောလိပ်များကလည်း အနာဂတ် လုပ်သားထု ကျွမ်းကျင်မှုမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အလားတူ အမှတ်(၂) စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများမှ အလုပ်သမားကျွမ်းကျင်မှုသင်တန်းကျောင်းများကလည်း များစွာ အကျိုးပြု ပေးနိုင်ပါကြောင်း၊ သို့ရာတွင် လုပ်သားထု ကျွမ်းကျင်မှုမြှင့်တင်ရေး လုပ်ငန်းစဉ်ကို နိုင်ငံတော်အပိုင်းကသာ လုပ်ကိုင်နေလျှင် အနာဂတ် ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို မည်သည့်နည်းနှင့်မျှ အလျဉ်မီအောင် ဖြည့်တင်းပေးနိုင်မည် မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအားလုံး တက်ညီလက်ညီ ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်အဖြစ်ခံယူပြီး လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ အလုပ်သမားများကျွမ်းကျင်မှု တိုးတက်လာခြင်းဖြင့် အလုပ်သမားများ၏ အလုပ်အကိုင်အဆင့်အတန်း တိုးတက်လာပြီး တစ်ဦးချင်းဝင်ငွေကိုလည်း တိုးတက်စေမည်ဖြစ်သကဲ့သို့ အလုပ်ရှင်များအတွက်လည်း ကုန်ပစ္စည်းများကို အရေအတွက်ရော အရည်အချင်းပါ တိုးတက်ထုတ်လုပ်နိုင်စွမ်း ရရှိလာကြမည်ဖြစ်ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လုပ်သားများကျွမ်းကျင်မှု 'စံ' နှုန်းများကို အာဆီယံနှင့် တစ်ပြေးညီဖြစ်ရေးအတွက် Skill Recognition System တစ်ရပ် ခိုင်ခိုင်မာမာထူထောင်ရန် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority-NSSA)ကို ၂၀၀၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်၍ဖွဲ့စည်းခဲ့ပြီး အာဆီယံကျွမ်းကျင်မှု အရည်အသွေးမူဘောင် သတ်မှတ်ချက်နှင့်အညီ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စုစုပေါင်း အလုပ်အကိုင်ကျွမ်းကျင်မှု 'စံ' ၁၅၂ မျိုးကို ရေးဆွဲသတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် အလုပ်အကိုင် ကျွမ်းကျင်မှု 'စံ'သတ်မှတ်ရေး ကော်မတီ (၁၄)ခုကိုလည်း ဖွဲ့စည်းပြီး ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤလုပ်ငန်းစဉ်ကိုလည်း မိမိတို့ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မိမိတို့ရွေးချယ်နိုင်သည့် နည်းလမ်းများစွာ ရှိသည့်အနက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌ပါ အလုပ်သမားများစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အစိုးရနှင့် အလုပ်ရှင်များ ပူးပေါင်းဆောင်ရွက်သည့် Levy and Grant System သည် နှစ်ရှည်လများ အစမ်းသပ်ခံပြီး အောင်မြင်နေသော နည်းလမ်းတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်း System ကို စင်ကာပူ သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၃၀)ကျော်၌ ကျင့်သုံးလျက်ရှိကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အခြေခံချင်း မတူကြ၍ လက်တွေ့ကျင့်သုံးမှုအပိုင်းတွင် အနည်းငယ် ကွဲပြားခြားနားလျက်ရှိသည်မှ အပ မူသဘောအရ တူညီမှုရှိကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဤစနစ်ကို လိုအပ်လျှင် စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အလေးအနက် စူးစမ်းလေ့လာထားရှိပါကြောင်း။

ပြည်သူ့လွှတ်တော်ကသာ သဘောတူခွင့်ပြုမည်ဆိုလျှင် အလုပ်သမားဝန်ကြီးဌာနသည် လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုတင်ပြထောက်ခံထားချက်များမှ ဖြစ်နိုင်ခြေရှိသည့် အတိုင်းအတာအထိ အကျုံးဝင်စေမည့် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (မူကြမ်း)တစ်ရပ်ကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏အဆိုအပေါ် ဆွေးနွေးသူ (၄)ဦးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးမှုများသည် စေတနာပါပြီး လိမ္မာပါးနပ်စွာ ထောက်ပြမှုများတွေ့ရှိရပါကြောင်း၊ လုပ်ငန်းတစ်ခုအောင်မြင်ရန်အတွက် အရင်းအနှီး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုတို့ အရေးကြီးပုံကိုလည်း သတိပြုမိပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူ၏ ဆွေးနွေးချက်တွင် မြန်မာနိုင်ငံ၊ မြန်မာအလုပ်သမားများနှင့် ကိုက်ညီမည့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်ကသာ အတည်ပြုပေးမည်ဆိုပါက ခြုံငုံရေးဆွဲ တင်ပြသွားမည်ဟု ဆွေးနွေးရှင်းလင်းသွားသည်ကိုလည်း တွေ့ရပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် ဦးတင်မောင်ဝင်း၏အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်မြို့ ပွဲကုန်းရပ်ကွက်နေ ကိုလတ်(ခေါ်)ကုလားကြီးသည် မတ် ၂၁ ရက် နံနက် ၈ နာရီခန့်တွင် ရွှေကျွန်းကြီးကုမ္ပဏီ လုပ်ကွက်အတွင်း လုပ်ငန်းများလုပ်ကိုင်နေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲခဲ့၍ ၎င်း၏ညာဒူးအောက်မှပြတ်ဒဏ်ရာရရှိခဲ့ပြီး တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၉/၂၀၁၁)ကို ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၉/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၂၂ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅ နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်း စစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃ (က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်-

စဉ်	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်	ရွေးကောက်ပွဲကိုယ်စားလှယ်အမည်	မဲဆန္ဒနယ်
(က)	ဦးကျော်အေး	မရှိ	မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရခိုင်ပြည်နယ်
(ခ)	ဦးနူရုလ်ဟောက်	မရှိ	မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရခိုင်ပြည်နယ်
(ဂ)	ဦးအောင်လှ	မရှိ	ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရခိုင်ပြည်နယ်
(ဃ)	ဦးညီလွှယ်	မရှိ	အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရခိုင်ပြည်နယ်
(င)	ဦးမောင်မောင်တင်	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) ရခိုင်ပြည်နယ်
(စ)	ဦးဘသိန်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇) ရခိုင်ပြည်နယ်
(ဆ)	ဦးစိုးဝင်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇) ရခိုင်ပြည်နယ်
(ဇ)	ဦးတော်ယူဘေဒ္ဒိန်	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၈) ရခိုင်ပြည်နယ်
(ဈ)	ဦးအလီဟူဆိန်	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၉) ရခိုင်ပြည်နယ်
(ည)	ဦးအောင်ငြိမ်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁၁) ရခိုင်ပြည်နယ်
(ဋ)	ဦးလာဘွေ	မရှိ	မြောက်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ဌ)	ဦးခင်မောင်သန်း	မရှိ	ပေါက်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ဍ)	ဦးမောင်ဘတင်	ဦးသာအေး	မင်းပြားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ဎ)	ဦးဦးထွန်းမောင်	မရှိ	မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ဏ)	ဦးခင်မောင်မြင့်(ခ) ဦးအန်နာယာတူလာ	မရှိ	မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(တ)	ဦးချစ်ထွန်းအောင်	မရှိ	မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ထ)	ဦးတင်ဦး	မရှိ	အမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်
(ဒ)	ဦးချက်ဖား	မရှိ	အမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ်

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုစိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၂

*၂၀၁၁ခုနှစ် နေပြည်တော် မဟာသကြ်န် **Tour Gold Cup** ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ **Royal Myanmar** ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းအားလုံး တစ်ကွင်း တစ်ရက်စီဖြင့် ရက်အလိုက် သုံးရက်ကျင်းပမည်ဖြစ်သည်။*

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက်ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

*ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသကြ်န် **Tour Gold Cup** ဖလားနှင့် အသင်းဝင် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၁၀ သိန်းစီအပြင် ဒုတိယဆုရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၇သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၇ သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။*

*ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး **Pro** အားကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက် **(Handicap Zero)**ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

*ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉ နှင့် ၄၁၄၇၅၃(**Fax**) တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)*

TRENDY Fashion ရဲ့ သကြ်န်အထူးလျှော့ဈေးအစီအစဉ်

ရန်ကုန် မတ် ၂၂

TRENDY Fashion ရဲ့ သကြ်န်အထူးအစီအစဉ်အနေနဲ့ မတ် ၁၉ ရက်မှ ဧပြီ ၁၂ ရက်အထိ ထိုင်းနိုင်ငံမှ ထုတ်လုပ်တဲ့ PAN အမှတ်တံဆိပ် Sports & Fashion Shoes တွေ၊ KLEEN အမှတ်တံဆိပ် ဖိနပ်တိုက်ဆေးတွေ၊ ZOJTRUSHI (ဇိုဂျစ်)တံဆိပ် ရေအေးသီးသန့် ထည့်သောက်နိုင်တဲ့ ရေဘူး၊ ရေအေး သို့မဟုတ် ရေနွေးသီးသန့်ထည့်သောက်နိုင်တဲ့ ရေဘူး၊ အပူချိန်ကို ၁၂ နာရီကြာအောင် ထိန်းထားပေးနိုင်တဲ့ ထမင်းဘူးတွေ၊ NARAYA တံဆိပ် ထိုင်းအနုလက်ရာ ပိုးထည်ချည်ထည် အမျိုးမျိုးနဲ့ Sweet Heart တံဆိပ် Sun Control & Whitening Powder ပစ္စည်းတွေကို TRENDY ဆိုင်တည်ရှိရာ ရန်ကင်းစင်တာ ပထမထပ် အမှတ် ၁၃ F မှာ ၄၀ ရာခိုင်နှုန်းအထိ လျှော့ဈေးနဲ့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ TRENDY Member ဝင်တွေအတွက် အဆိုပါလျှော့ဈေးအပြင် Member Discount ငါးရာခိုင်နှုန်းကိုပါ ထပ်မံရရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာ့ရှုခင်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၅၀ ၈။ ရှေးဟောင်းသုတ
- ၅:၀၀ ၉။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၉)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ Mail Box
- ၆:၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာ မင်းသားလေး** (အပိုင်း-၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၂၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာဟာသကမ္ဘာ **မေးမြန်းဖြေကြား ပဟေဠိစကား** (ဇာတ်သိမ်း) ကောင်းပြည့်၊ ဝင်းနိုင်၊ ခင်လှိုင်၊ ကောင်းစံ၊ ဝက်မ၊ ကစ်ကစ်၊ မျိုးမျိုးခိုင်၊ ကြူကြူသင်းနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၃။ Internet Website
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၉)
- ၂၆။ **ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၃ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကျောက်ဖြူမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် မတ် ၁၀ ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်းနှင့် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်လူနာများအား မျက်စိအခမဲ့စမ်းသပ် ခွဲစိတ်ကုသနေမှုအခြေအနေများနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ကျောက်ဖြူမြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် မြို့တွင်းလမ်းများ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၅ ရက်က ဝါးခယ်မမြို့နယ်အောင်ဇေယျလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါ မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ရပ်မိရပ်ဖ ဦးကြင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက် တိုက် ၂၈၁(စီ) အခန်း(၁) နေ ဒေါ်အေးမိစံနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာပြည်ခရီးသွားလမ်းညွှန် ၂၀၁၁ စာအုပ်ထွက်ရှိ

ရန်ကုန် မတ် ၂၂

Golden Hope Int'l., Ltd. က တာဝန်ယူပြုစုထုတ်ဝေသည့် မြန်မာပြည်ခရီးသွားလမ်းညွှန် ၂၀၁၁ (Myanmar Travels & Tours Directory 2011) စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာရာ စာအုပ်တွင် ခရီးသွားမည့်သူအားလုံးအတွက် လေကြောင်း၊ ရေကြောင်း၊ မီးရထား၊ မော်တော်ကားလမ်းအစရှိသည့် ခရီးလမ်းကြောင်းများနှင့် ပတ်သက်သော ခရီးမိုင်အကွာအဝေးများ၊ အချိန်စာရင်းများနှင့် ကျသင့်သောနှုန်းထားများသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြေပုံများ၊ ထင်ရှားအရေးပါသည့် Tourist Site မြေပုံများ၊ ရှင်းလင်းချက်များ၊ လမ်းညွှန်ချက်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြည့်စုံတိကျစွာ ရေးသားဖော်ပြထားသည့် စာအုပ်ဖြစ်သည်။

ရှင်းလင်းဖော်ပြ

ဤစာအုပ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ခုအတွင်းရှိ မြို့များအားလုံး၏ တည်နေရာများ၊ သွားရောက်နိုင်ပုံနှင့် ခရီးမိုင်အကွာအဝေးများကို တစ်မြို့ချင်းအသေးစိတ် ရှင်းလင်းဖော်ပြထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘုရားပုထိုး၊ စေတီများ၊ အခြားစိတ်ဝင်စားစရာ နေရာဒေသများကိုလည်း စုဆောင်းရေးသားဖော်ပြထားသည်။ ထို့အပြင် မြို့ရွာဒေသ ၂၃၀ ကျော်၏ အစိုးရရုံးများ၊ တည်းခိုစရာ၊ စားသောက်စရာ အစရှိသည့် ခရီးသွားလာမှုနှင့် စပ်ဆိုင်သော လုပ်ငန်းများနှင့် အခြားအရေးပါသည့်လုပ်ငန်းများ၏ တည်နေရာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကိုလည်း စုဆောင်းရှာဖွေ ဖော်ပြထားသည်။ အဆိုပါ အချက်အလက်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းဖော်ပြ ရေးသားထားကြောင်း တွေ့ရှိရသည်။

ဆောင်ရွက်ပေးမည်

ဤစာအုပ်ကို အမြို့မြို့စာအုပ်ဆိုင်များနှင့် Super-market ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း၊ ယမန်နှစ် 2010 Issue ဝယ်ယူထားသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ၂၀၁၁ ဧပြီလ မကုန်မီ ကြော်ငြာထည့်သွင်းသူများအတွက်လည်း အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်နိုင်

ဤစာအုပ်ကို စိတ်ဝင်စားသူများနှင့် ကြော်ငြာထည့်ဝင်လိုသူများ Golden Hope Int'l., Ltd. ဖုန်း-၇၀၃၂၂၀၊ ၂၀၀၂၇၆ နှင့် ၀၉-၇၃၀၂၆၂၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂီတအစည်းအရုံးဆိုင်းဘုတ်တင်ပွဲ တောင်ငူမြို့နယ်၌ ကျင်းပ

တောင်ငူ မတ် ၂၂

တောင်ငူမြို့နယ် ဂီတအစည်းအရုံး စတင်ဖွဲ့စည်း လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲကို မတ် ၈ ရက် မွန်းလွဲ ၂ နာရီက တောင်ငူမြို့ ကေတုရတနာ ခန်းမ၌ ကျင်းပရာ ဆိုင်းဘုတ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် တောင်ငူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးမင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုမှ ဦးရန်ပိုင်စိုးနှင့် ကေတုဝင်းထွဋ်တို့က ဂီတအစည်းအရုံး၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တောင်ငူမြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးသက်ဝေက လုပ်ငန်းတာဝန် ပေးအပ်လွှာကို လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၁၂၃)

ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၂)၌ ချူကလီးယားယိုစိမ့်မှုတွေကြောင့် အက်စစ်မိုးရွာတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး မိုးလေဝသပညာရှင် ဦးထွန်းလွင်နှင့်တွေ့ဆုံခြင်း၊ ကိုရီးယားက မြန်မာတွင် အထည်ချုပ်စက်ရုံနှစ်ရုံ တိုးချဲ့ဖွင့်မည် မြန်မာလုပ်သား ၄၀၀၀ ကျော် အလုပ်အကိုင်များရရှိလာမည်ဖြစ်၊ ဂျပန်ရောက်နေသော မြန်မာများ ငလျင်နှင့်ဆူနာမီတွင် ထိခိုက်မှုမရှိဟုဆို၊ မလေးက မြန်မာတွင် ကားထုတ်လုပ်ရန်ရှိ၊ တရုတ် ARJ လေယာဉ်သုံးစင်း မြန်မာ့လေကြောင်းက ဝယ်မည်၊ မြန်မာနိုင်ငံသားများဘဏ်နှင့် မြဝတီဘဏ် ချိတ်ဆက်၊ လေယာဉ်လက်မှတ်များ အွန်လိုင်းမှဝယ်ယူနိုင်တော့မည်၊ လမ်းအသုံးပြုခကောက်ခံခွင့် လိုင်စင်များကို ဒေသခံများကိုသာ လေလံတင်ရောင်းချပေးမည်၊ ဝက်များတွင် ရောဂါပိုးရှိ မရှိ မြန်မာနိုင်ငံ၌ ပထမဆုံး စစ်ဆေးသွားမည်၊ ဂျပန်ငလျင်က စူပါမွန်းဖြစ်စဉ်နဲ့ လုံးဝမသက်ဆိုင်ပါဘူး မြန်မာနိုင်ငံအနေနဲ့ ငလျင်ကြီးကြီးမားမားမဖြစ်နိုင်သေးဘူး နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် ပါတီငါးခုနှင့် အီးယူတို့ တွေ့ဆုံဆွေးနွေးခဲ့ စသည့် ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စီးပွားရေးလုပ်ငန်း ရေရှည်လည်ပတ်မှုအတွက် ကောင်းစွာရင်းနှီးမြှုပ်နှံမှုပြုရမှာဖြစ်တယ် ပါမောက္ခဆူနီးလ်ကူးမားနှင့် The Straits Times မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ ဂျပန်ဆူနာမီ နောက်ဆုံးရသတင်းများ၊ ရေနံဈေးနှုန်းမြင့်တက်လာခြင်းက ကမ္ဘာ့စီးပွားရေးကို ထိခိုက်လာစေဖွယ်ရှိ၊ အစာအိမ်ရောဂါ သတိထားပါ ကင်ဆာဖြစ်နိုင်သည့်အဆင့် အမှတ်(၁)အဖြစ် WHO က သတ်မှတ်ထား စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မုဒုံ၌ ကွင်းဆင်းစစ်ဆေး

မုဒုံ မတ် ၂၂

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် မတ် ၈ ရက် နံနက်ပိုင်းက မော်လမြိုင်ခရိုင် မြေစာရင်း ဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် မုဒုံမြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစန်းယုနှင့်အတူ မုဒုံမြို့နယ် နီးပဒေါ၊ ရောင်းဒေါင်းနှင့် ကွမ်လှာ ကျေးရွာအုပ်စုများ၌ မူလတိုင်းတာခြင်းဆောင်ရွက်လျက်ရှိသော ကွင်းပေါင်း ၁၀ကွင်းကို ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး ဆက်လက်၍ ညနေပိုင်းတွင် မုဒုံမြို့နယ်အတွင်း လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စစ်ဆေးခဲ့ကြောင်းသိရှိရသည်။ **(ယာပုံ)**

စစ်ဆေးဆောင်ရွက်

အလားတူပင် အဆိုပါ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မော်လမြိုင်ခရိုင်သံဖြူဇရပ်မြို့နယ်အတွင်း ကွင်းမြေပုံထုတ်လုပ်ရေးမြေတိုင်းတာခြင်းလုပ်ငန်းနှင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်များတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကိုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီး)**

မြို့နယ်သတင်း ထွေတလာ

ကြီးကြပ်ဆောင်ရွက်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်မင်းနှင့် အဖွဲ့ကဆောင်ရွက်သော မကျီးရိုးကျေးလက်မြေသားလမ်း ဖောက်လုပ်နေမှုကို မတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးသုတသတင်းမှတ်စု

တီဘီရောဂါတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး

အောင် (ပိရှူး)

မတ်လ၂၄ရက်နေ့သည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည် တီဘီရောဂါကူးစက်ခံနေရပြီး နှစ်စဉ်လူဦးရေ ရှစ်သန်းခန့် တီဘီရောဂါဖြစ်ပွားကာ လူကြီး၊ လူငယ် နှစ်သန်းခန့် သေဆုံးလျက်ရှိသည်။ တီဘီရောဂါတိုက်ဖျက်ရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်၍ အခြားကမ္ဘာ့လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ တိုက်ဖျက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းများချမှတ်ကာ ပြည်သူလူထုအတွင်း တီဘီရောဂါကင်းစင်စေရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါသည် သာမန်မျက်စိဖြင့် မမြင်နိုင်သော ဘက်တီးရီးယားပိုးကြောင့် လေထုမှတစ်ဆင့်ကူးစက်သော ရောဂါဖြစ်သည်။ မျိုးရိုးလိုက်သော ရောဂါမဟုတ်ဘဲ ရောဂါခံစားနေသူမှ အတူနေမိသားစုအတွင်း ရောဂါလွယ်ကူစွာ ကူးစက်ခြင်းဖြစ်သည်။ သလိပ်ပိုးရှိနေသော ရောဂါဝေဒနာရှင်က ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာ သီချင်းဆိုခြင်းအားဖြင့် တီဘီပိုးများ လေထဲသို့ ပျံ့နှံ့ရောက်ရှိသွားပြီး အခြားသူတစ်ဦးဦးက ရှူရှိုက်မိရာမှ အသက်ရှူလမ်းကြောင်းအတွင်း ဝင်ရောက်ကူးစက်ခြင်းဖြစ်သည်။ ကလေးတီဘီရောဂါမှာ များသောအားဖြင့် သလိပ်တွင် ပိုးတွေ့လေ့မရှိသဖြင့် အခြားသူသို့ ကူးစက်နိုင်စွမ်းမရှိပေ။ တီဘီရောဂါသည် အဆုတ်ပြင်ပ ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြစ်သော အဆုတ်အမြှေး၊ အကျိတ်၊ ကျောရိုးမ၊ အရိုးအဆစ်၊ ဆီးလမ်းကြောင်း၊ မျိုးပွားအင်္ဂါအစိတ်အပိုင်း၊ ဦးနှောက်နှင့် အူလမ်းကြောင်း အင်္ဂါအစိတ်အပိုင်းများတွင် ဖြစ်လေ့ရှိသည်။ အိတ်ချ်အိုင်ဗွီ ရောဂါပိုးရှိသူများတွင် အဆုတ်တီဘီသာမက အဆုတ်ပြင်ပတီဘီရောဂါလည်း အဖြစ်များသည်။ တီဘီရောဂါပိုးကူးစက်ခံရသောသူများတွင် အိတ်ချ်အိုင်ဗွီပိုး ဝင်ရောက်လာပါက တီဘီရောဂါဝေဒနာရှင်အဖြစ်သို့ အလွယ်တကူ ကူးပြောင်းသွားနိုင်သည်။ ထို့ကြောင့် ပြည်သူလူထုအတွင်း အိတ်ချ်အိုင်ဗွီပိုး ဝင်ရောက်သူများပြားလာပါက တီဘီလူနာများ ပိုမိုများပြားလာမည်ဖြစ်သည်။ တီဘီရောဂါလက္ခဏာများသည် ရက်ရှည်ချောင်းဆိုးနေခြင်း (ရက်သတ္တပတ်သုံးပတ်နှင့်အထက်)၊ သလိပ်ထွက်ခြင်း၊ သလိပ်တွင် သွေးပါခြင်း၊ ချောင်းဆိုးလျှင် သွေးပါခြင်း၊ ကျောရင်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ တဖြည်းဖြည်းပိန်ချုံးလာခြင်း၊ ကိုယ်အပူချိန် တငွေ့ငွေ့တက်ခြင်း၊ ညဘက်ချွေးထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မလှုပ်ချင် မကိုင်ချင်ဘဲ အလွယ်တကူ မောပန်းလွယ်ခြင်း စသည်တို့ဖြစ်သည်။

ယခုအခါ တီဘီရောဂါကို ကာကွယ်ကုသရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကချမှတ်ထားသော နည်းဗျူဟာဖြစ်သည့် ''တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး''ဟူသောသတ်မှတ်ချက်နှင့်အညီ ခြောက်လ သို့မဟုတ် ရှစ်လအထိ ကုသပေးခြင်းဖြင့် ရောဂါပျောက်ကင်းပေသည်။ ဆေးကုသမှုခံယူရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းပေးထားသော ကျန်းမာရေးလုပ်သား၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ (ဥပမာ-မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း) စသည်တို့က နေ့စဉ် ကိုယ်တိုင်ကြီးကြပ်၍ ဆေးတိုက်ကျွေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းနှင့် အခြားအဖွဲ့အစည်းများကလည်း တစ်ပြည်လုံး မြို့နယ်အနှံ့ဖြန့်ကြက်ကာ အခမဲ့ စစ်ဆေးကုသပေးလျက် ရှိပါသည်။ တီဘီရောဂါဝေဒနာရှင်များကလည်း ဆေးကုသမှုခံယူကြရာတွင် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် အလွန်အရေးကြီးပေသည်။

သလိပ်တွင် တီဘီပိုးတွေ့ရှိရသော တီဘီရောဂါ ဝေဒနာရှင်များသည် မိမိမှ အခြားတစ်ဦးဦးသို့ မကူးစက်စေရန် အထူးဂရုပြု လိုက်နာရန် အရေးကြီးပါသည်။ ချောင်းဆိုး၊ နှာချေသည့်အခါတိုင်း သန့်ပြန့်သော လက်ကိုင်ပဝါ၊ အဝတ်ဖြင့်အုပ်၍ ချောင်းဆိုး၊ နှာချေရမည်။ ထိုလက်ကိုင်ပဝါ၊ အဝတ်တို့ကို နေ့စဉ် သန့်ရှင်းအောင်လျှော်ဖွပ်ပြီးမှ ပြန်လည်အသုံးပြုရမည်။ တွေ့ရာနေရာတိုင်းတွင် သလိပ်၊ တံတွေးထွေးခြင်းမပြုဘဲ အဖုံးပါသော ခွက်အတွင်းသို့ ထွေးခြင်းပြုရပါမည်။ ၄င်းခွက်အတွင်းသို့ ပိုးသတ်ဆေးရည် သို့မဟုတ် ဆပ်ပြာ စသည် ထည့်ထားရမည်။ အထူးသတိထားရမည့်အချက်မှာ တီဘီရောဂါဝေဒနာရှင်သည် မိမိနေထိုင်ရာ မြို့နယ်များရှိ တီဘီရောဂါ တိုက်ဖျက်ရေးဌာနများ၊ ဆေးရုံ၊ ဆေးခန်းများ၏ ကုသပေးမှု စေတနာကို ယုံကြည်စွာဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်သည်။ သတ်မှတ်ထားသော ဆေးတွဲများ အပြည့်အဝမသောက်ခြင်း၊ အချိန်မှန်မသောက်ခြင်း၊ ပြတ်တောင်းပြတ်တောင်းသောက်ခြင်းကြောင့် ရောဂါမပျောက်ကင်းနိုင်ဘဲ ဆေးယဉ်ပါးပြီး ကုသရန်ခက်ခဲသော တီဘီရောဂါ ဖြစ်သွားနိုင်သည်။

ယခုခေတ်တွင် တီဘီရောဂါသည် ရှက်စရာ၊ ကြောက်စရာရောဂါ မဟုတ်ပါ။ တီဘီရောဂါဟု သံသယရှိလျှင် ဆေးရုံ၊ ဆေးခန်းများတွင် ဆောလျင်စွာပြသ၍ ကုသပါက အလွယ်တကူ ပျောက်ကင်းသောရောဂါဖြစ်ပါသည်။

သို့ပါ၍ ၂၀၁၁ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် ''တီဘီရောဂါကင်းဝေးရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး'' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံးက ပါဝင်ကူညီ၍ တစ်နိုင်ငံလုံး တီဘီရောဂါ ကင်းစင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖားကန့်မြို့နယ်ဆေးရုံတွင် ကလေးသုံးမွှာပူးမွေးဖွား

ဖားကန့် မတ် ၂၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၄ရက်က ကလေးသုံးမွှာပူးကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကျော်ထွန်းဦးနှင့် အဖွဲ့က ခွဲစိတ်မွေးဖွားပေးခဲ့ရာ မိခင်ဒေါ်ဒါရီလုမိုင်နှင့် ကလေးများအားလုံး ကျန်းမာလျက်ရှိသည်။ ကလေးများ၏ မွေးစကိုယ်အလေးချိန်မှာ ၂ ဒသမ ၅၊ ၂ ဒသမ ၁နှင့် ၁ ဒသမ ၅ကီလိုဂရမ်ဖြစ်ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)(ဝ၆၄)**

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၁

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၁၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အာရှရွှေခေတ်ကြီးတွင် ထားဝယ်အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံပိုင်း စတင်နေပြီ၊ အလုပ်အကိုင်အခွင့်အလမ်းရှိလာပြီ မျက်နှာဖုံး အထူးဆောင်းပါးနှင့် အိန္ဒိယတွင်ဒုက္ခရောက်နေသော ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာမှ ရေလုပ်သားသုံးဦးအတွက် အကူအညီတောင်း မျက်နှာဖုံးအထူးသတင်း၊ အင်တာနက်မှတစ်ဆင့် VOIP Call နိုင်ငံခြား ခေါ်ဆိုမှုခွင့်မပြု၊ အချိန်အခါမဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် မြို့နယ်များနှင့် ကျေးရွာအချို့ရှိ လူနေအိမ် ၁၈၉ လုံး ပျက်စီးဆုံးရှုံး၊ ရန်ကုန်တိုင်းဒေသကြီးနေရာအချို့ မိုးကြိုးပစ်၍ လေးဦးသေဆုံး စသည့် သတင်းဆန်းများ၊ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။ ထို့အပြင် ဂျပန်နိုင်ငံမှ ဝင်ရောက်လာသူများ၏ ပစ္စည်းများကို အဏုမြူ ဓာတ်ရောင်ခြည် သင့်မသင့် စစ်ဆေး၊ မြန်မာနိုင်ငံ၌ ရှာသွန်းသော မိုးရေ၌ ရေဒီယိုသတ္တိကြွပစ္စည်း ပါဝင်ခြင်း မရှိဟုဆို၊ ဂျပန်ရှုကလီးယား စက်ရုံကြီးများ ပေါက်ကွဲမှုနှင့် ရေဒီယိုသတ္တိကြွရောင်ခြည် ထိတွေ့မှုအန္တရာယ်၊ ဆားဈေးဘယ်လောက်တက်တက် ပွင့်လင်းရာသီမှာ ဆားတွေအများကြီး ထွက်လာမှာပါ စိုးရိမ်စရာမရှိပါဟုဆို၊ အာဆီယံစံနှုန်း ကုန်စည်တင်ဆောင်ခွင့်ပြန်လျှော့လိုက်သဖြင့် ကုန်ပစ္စည်းပို့ဆောင်ခနှင့် ကုန်ပစ္စည်းဈေးနှုန်းကျဆင်း၊ ခရီးသည်တင်ယာဉ်တွင်ပါလာသည့် ပါဆယ်ထုပ်များ ဖွင့်ဖောက်စစ်ဆေးရန်နှင့် ထူးခြားမှုတွေ့က အကြောင်းကြားရန်ညွှန်ကြား၊အမျိုးသားလုပ်အားရှားပါးမှုက ၂၀၁၁အတွက် စိန်ခေါ်မှုဖြစ်လာ၊ မြန်မာဘောလုံးအကယ်ဒမီဖွင့်ပွဲ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတက်ရောက်၊ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံးအဆင့်တိုးတက်ရန် ကူညီမည်ဟုဆို စသည့် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့ မြို့ကုန်းရပ်ကွက်အတွင်း (၂၅၇၀×၁၂)ပေရှိ ရွှေပေါ်ကျွန်းလမ်း သဲဖြူနီးခင်းပြုပြင်ခြင်းကို မတ် ၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မြို့သစ်မြို့နယ် စည်ပင်သာယာဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ဈေးမီးဘေးလုံခြုံရေးကော်မတီဝင်များ ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့ ဒွါရာဝတီဈေး မီးဘေးလုံခြုံရေးအတွက် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် မတ် ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ အရေးပေါ်ရေဖျန်းစနစ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြီးကြပ်၍ သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးသိန်းဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၄ရက်က နီလာရိုးမစက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆီမီးလောင်မှုကို လက်တွေ့ငြိမ်းသတ် သရုပ်ပြကြစဉ်။ (ဝ၁၆)

ကောလင်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးနှင့် မီးသတ်ရေပုံးများထားရှိမှုကို ဖေဖော်ဝါရီ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေ ရှင်းလင်းတင်ပြစဉ်။ (ဝ၉၂)

23-3 (16).pmd 1 3/23/2011, 3:00 AM

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် လရ/၁၆၈၄၄ JLM 100 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ မလီချင်းလန့် ၁၃/လရန(နိုင်) ၀၀၅၄၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊လားရှိုး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် လရ/၁၁၁၀၂ Kenbo 110 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးမောင်မောင်အေး ၁၃/လရန(နိုင်)၀၃၀၀၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊လားရှိုး။

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အနောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၄၁)နေ ဒေါ်ငွေငွေအောင်၏ ဇီဝဇလ ကုန်အမှတ်တံဆိပ် အမည်ကို မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၀၁၁ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် ၂၀၇၂ အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ဇီဝဇလ ကုန်အမှတ်တံဆိပ်ဖြင့် ဒေါ်ငွေငွေအောင်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ မီးယပ်သွေးပုပ်ချဆေးအပါအဝင် တိုင်းရင်းဆေးဝါး အမျိုးမျိုးတို့ကို ထုတ်လုပ်ဖော်စပ်လျက် အရောင်နှင့်အရွယ်အစားအမျိုးမျိုးသော စက္ကူဘူး၊ အိတ်၊ ပါဆယ်ထုပ်များနှင့်ထည့်သွင်း၊ ပစ္စည်းထုပ်ပိုး၊ အမျိုးမျိုး၊ ပလတ်စတစ်ဘူးနှင့် အိတ်အမျိုးမျိုးတို့အပေါ်တွင် ဖိ-ကပ်-ရိုက်-နှိပ်ကာ အသား တံဆိပ်ပြုလုပ်၍ နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ရာ ထိုကုန်အမှတ် တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကို ဖြစ်စေ၊ ဆင်တူယိုးမှားပြုခြင်း၊ ထင်ယောင်ထင်မှားတုပထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချ၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူပါမည်။

ဒေါ်ငွေငွေအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဝင်း
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၄၉၀)
အမှတ် ၂၃၊ အိမ်ကြီးလမ်း၊ (၉)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

မင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းချုပ်ကြီး (၆၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကြီးဖိတ်ကြားလွှာ

မင်းကွန်းပဋိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး၏ ၂၀၁၁ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသား အသင်းသူများနှင့် ဓမ္မမိတ်ဆွေများ မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

အစည်းအဝေးကျင်းပမည့်ရက်	- ၁၃၇၂ခုနှစ် တပေါင်းလပြည့်ကျော်၈ရက် ၂၇-၃-၂၀၁၁ရက် (တနင်္ဂနွေနေ့)
အစည်းအဝေးကျင်းပမည့်အချိန်	- မွန်းလွဲ ၁ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ	- မင်းကွန်းတောရကျောင်းတိုက်၊ အမှတ်၃၉၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၅၄၁၄။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၊ လူနေရပ်ကွက်အမှတ်၉၊ ကျော်သူလမ်း၊ မြေကွက်အမှတ်(၉၄၉/ခ)ဟုခေါ်တွင်သည့် (အလျားပေ၆၀×အနံပေ၂၀)၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ နှစ်၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်ခင်အေး ၁၂/ဥကတ(နိုင်)၀၂၃၂၁၆အမည်ပေါက်ပြီး ၄င်းထံမှ အရပ်စာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူထားသူဦးမျိုးမင်း ၁၂/ဥကတ(နိုင်)၀၇၂၅၁၅ထံမှ ကျွန်ုပ်ဦးအောင်ညွန့်သိန်း ၁၂/အစန(နိုင်)၀၀၅၄၃၉ကအပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ညွန့်သိန်း
အမှတ်၄၀၄၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၈၆၇၁။

၈-၃-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၇ ပါ တရားရုံးချုပ်ရှေ့နေ ဦးဝင်းထိန်၏ သက်ဆိုင်သူများသိစေရန် ကြေညာချက်ကို ဒေါ်နန့်သန္တာလွန်း၏လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးချစ်လွင်မှ ပြန်လည်ရှင်းလင်းကြေညာခြင်း

၈-၃-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၇၌ တရားရုံးချုပ်ရှေ့နေ ဦးဝင်းထိန်မှ ဦးကာဖျိုးနှင့် ဦးစန်းလွင်တို့က ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ မိတ္ထီလာ-ရေနံချောင်းလမ်း၊ အမှတ် ၇၁၈ (မာလာမြိုင်ပွဲရုံ)မှ ဦးအောင်ကျော်ဦးနှင့် ဒေါ်နန့်သန္တာလွန်းတို့အပေါ် ရန်ကုန် အနောက်ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ် ၈၁/၂၀၁၁ တွင် ကုန်ဖိုးရှင်းလင်း၍ တရားလိုများ ရရန်ရှိသောငွေ ၄၉၉၇၈၁၇ကျပ် ၅၀ပြားရလိုမှုစွဲဆိုထားကြောင်း သက်ဆိုင်သူများ သိစေအပ်ပါသည်ဟု ကြေညာချက်သည် မှန်ကန်ခြင်းမရှိပါ၊ အဖြစ်မှန်မှာကျွန်ုပ်၏ မိတ်ဆွေကသာလျှင် ဦးကာဖျိုးနှင့် ဦးစန်းလွင်တို့အပေါ် ယုံကြည်စွာဖြင့်အပ်နှံထားသည့် မန်ကျည်းသီးမှည့်ကုန်ချိန် ၁၄၀၆၀ ပိဿာကို အလွဲသုံးစားပြုမှုဖြင့် တရားစွဲဆိုခဲ့သောကြောင့် မရမ်းကုန်းမြို့နယ် တရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆/ကျင့်-၅၁၂အရ ပြစ်မှုဆိုင်ရာ အထွေထွေမှု(တရားခံပြေးမှု)အမှတ် ၄၁/၂၀၁၁ ဖြင့် အမှုအား စုံစမ်းစစ်ဆေး လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံးတွင် ၈-၃-၂၀၁၁ ရက်အထိ လက်ခံစစ်ဆေးဆဲမှာ တရားမကြီးမှုအမှတ် ၃၁/၂၀၁၁ အထိသာရှိသောကြောင့် တရားရုံးချုပ်ရှေ့နေ ဦးဝင်းထိန်မှ ကြေညာသည့်တရားမကြီးမှုအမှတ် (၈၁/၂၀၁၁)အမှုမှာ အနောက်ပိုင်းခရိုင်တရားရုံး၌ စွဲဆိုခြင်းမရှိသေးသည့်အမှု ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ တရားရုံးချုပ်ရှေ့နေ ဦးဝင်းထိန်၏ သက်ဆိုင်သူများသိစေရန် ကြေညာချက်ပါအချက်များသည် မှန်ကန်ခြင်းမရှိပါသောကြောင့် ထိုကြေညာချက်အား ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်တောင်းဆိုလိုက်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက သက်ဆိုင်သူများ အားလုံးကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၂၆၂၇)
လိုင်း ၁၀၊ အခန်း၄၊ ရွာမစည်ပင်ဝင်း၊ သံမဏိစက်ရုံလမ်း၊
ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။

သမဝါယမအသင်းလီမိတက်ရုံး ဆိုင်းဘုတ်တင်

ဂန့်ဂေါ မတ် ၂၁

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် ခေမာသီဝံလမ်းတွင် မတ် ၁၅ ရက်နံနက်က သမဝါယမအသင်းလီမိတက်ရုံး ဆိုင်းဘုတ်တင်ပွဲကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးရာခန့်၊ အသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များက ဆိုင်းဘုတ်တင်ပေးကြသည်။

ချီးမြှင့်

ဂန့်ဂေါမြို့နယ် ဝန်ထမ်းပေါင်းစုငွေစုငွေချေး သမဝါယမအသင်းလီမိတက်ကို အသင်းသား ၂၅၃ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၀၉/၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၁၁ သိန်းကျော်၊ အသားတင်အမြတ်ငွေကျပ် ခုနစ်သိန်းကျော်ရရှိ၍ အသင်းသားများထံ ငွေကျပ်ငါးသိန်းကျော် ချီးမြှင့်နိုင်ခဲ့သည်။ အသင်းအနေဖြင့် အသင်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်လျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၀၁)

မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

နှစ်စဉ် ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံတပ်မတော်ကလေးများကျောင်း (ယခု အထက-၁၊ အထက-၅) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၆၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက-၁ မင်္ဂလာဒုံ ဝါယာလက် မြေရာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးအောင်ရွှေ-ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးမြသိန်း ဖုန်း-၆၃၆၃၂၀၊ ၀၉-၅၁၃၅၂၀၅၊ ဦးထွန်းကြိုင် ဖုန်း-၆၃၅၀၀၂၊ ၀၉-၅၁၆၃၀၄၂၊ ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၅၈၆၄၅၇၊ ဦးညွန့်သောင်း ဖုန်း-၀၉-၇၃၀၉၁၉၉၂၊ ဦးမောင်နိုင် ဖုန်း-၅၉၃၀၉၇၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃၊ ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၇၃၁၀၇၉၁၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရှင်းလင်းတင်ပြ

ပင်လောင်းမြို့ ဘန့်ဖယ်ရပ်ကွက် ရေပေးရေးလုပ်ငန်းအတွက် ဂါလန် ၇၀၀၀ဆံ့ ရေလှောင်ကန် ဆောင်ရွက်ထားရှိမှုကို မတ် ၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကိုတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်း ထွေတလာ

ပဲခူးခရိုင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ခရိုင်မန်နေဂျာ ဦးသန်းဦး၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မြင့်မြင့်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်၊မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းနှင့် စိုက်ပျိုးပညာပေး ဝန်ထမ်းများ မတ် ၁၂ရက်က ကမာနတ်ကျေးရွာ တောင်သူဦးခင်၏ ပဲတီစိမ်းစိုက်ခင်းတွင် ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လက်တွေ့ကွင်းဆင်း ပညာပေး ဆောင်ရွက်စဉ်။(ခရိုင် ပြန်/ဆက်)

ဈေးမီးဘေးကာကွယ်ရေး နမ့်စန်၌ ဆောင်ရွက်

နမ့်စန် မတ် ၂၂

နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ တာဝန်ခံအင်ဂျင်နီယာနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၃ ရက်က ဈေးမီးဘေး လုံခြုံရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

လယ်ယာသုံးစက်ကိရိယာပစ္စည်းများ မကွေး၌ သရုပ်ပြပွဲကျင်းပ

မကွေး မတ် ၂၁

မကွေးခရိုင် အမှတ်(၂၉)ထွန်စက်စခန်းမှ မကွေးခရိုင် ဦးစီးအရာရှိ ဦးမြင့်စိုးနှင့် ဝန်ထမ်းများက စက်မှုလယ်ယာဦးစီးဌာနမှ ရောင်းချနေသော ဒေါင်ဖန်းလက်တွန်း ထွန်စက်များနှင့် လယ်ယာ(၂၂) လက်တွန်း ထွန်စက်များ မောင်းနှင်သရုပ်ပြပွဲကို မတ် ၅ ရက်က နတ်မောက်မြို့နယ် စရုံအိုင့်ကျေးရွာ ကွင်းအမှတ် (၈၃၆) တောင်သူဦးတင်အောင်၏ လယ်မြေ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကို၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ကျေးရွာများမှ တောင်သူများ တက်ရောက် လေ့လာကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

စဥ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှည် ၁၈၀၈ပေ၊ အကျယ် ၁၂ပေရှိ လက်ပန်လှ-မာလဲကျောက်ချောလမ်းခင်းနေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ထွေး မတ် ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလှအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၃ ◆

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

ယနေ့အချိန်တွင်မူ တပ်မတော်သည် နိုင်ငံနှင့်ပြည်သူအတွက် အဓိက အမျိုးသားရေးအင်အားစုကြီး တစ်ရပ်အဖြစ် ရပ်တည်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လှမ်းချီမျက်မှောက်ပြုနိုင်ရန် ရှေ့တန်းမှ ဦးဆောင်လမ်းပြပေးလျက်ရှိ။

မြတ်ဘုန်းလူ၏ ဆောင်းပါး စာ- ၃